# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၅၁)၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ၁၉-၁-၂၀၂၆၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(ဓမ္မပဒ)**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး၊ အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးတို့နှင့် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောဝိဒ ဝစီပိတ်ဆရာတော်၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး၊ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးတို့နှင့် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၃ သို့ ✪

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁၈

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ တနင်္လာနေ့။

မန္တလေး

# ဆောင်းနှောင်းကာလ တပို့တွဲလ

တပို့တွဲလသည် မြန်မာလများတွင် ဆယ့်တစ်လမြောက်လဖြစ်သည်။ ဆောင်းဥတု၏ နှောင်းပိုင်းကာလဖြစ်သည်။ တပို့တွဲလသည် ဆောင်းကာလ၏ စရိုက်လက္ခဏာများအပေါ်လွင်ဆုံးလဖြစ်သည်။ ဆောင်းရာသီ၏ အအေးဓာတ်ပိုကဲလွန်းသောကြောင့် "နှာရည်ယိုရှဲ တပို့တွဲ"ဟုပင် တင်စားခဲ့ကြသည်။ ဆောင်းနှောင်းရာသီ တပို့တွဲလတွင် နှင်းရည်နှင်းစက်တို့က သစ်ပင်ပန်းမန်မြက်ခင်းနှင့် မြေပြင်အနှံ့ကို ဖြန့်လွှမ်းထွေးပိုက်ထားသည်။ သဇင်နံ့ အကြွင်းအကျန်တို့သည် မြောက်ပြန်လေနှင့်အတူ သင်းပျံ့နေဆဲဖြစ်သည်။ မကြာမီ ဆောင်းရာသီ ထွက်ခွာတော့မည်ဖြစ်ပြီး နှင်းပွင့်ကလေးများနှင့် သဇင်ရနံ့တို့သည် ဆောင်း၏နှုတ်ဆက်ခြင်းအရိပ်အရောင်များ ပြလျက်ရှိသည်။ တပို့တွဲလနံနက်ခင်းသည် နှင်းမြူများပိတ်ဖုံးကာ ပတ်ဝန်းကျင်တစ်ခွင်လုံးလည်း ညိုပြာမှုန်မှိုင်းလျက်ရှိသည်။ တောတောင်တစ်ခွင်လုံးတွင် မူလဲပန်း၊ ပေါက်ပန်းတို့ဖြင့် ရဲရဲနီနေသည်။ သစ်ပင်ပန်းမန်များ ရွက်ဟောင်းကြွေကာ ရွက်သစ်တို့ဖြင့် စိမ်းစိုနေသည်။ ဆောင်းရာသီတပို့တွဲလ၏ ရှုခင်းများကို စာဆို ဦးကြင်ဥက "အော်…လှဲ့လှဲ့မှုန်ပျံ့၊ မှည့်မှည့်တံလို့၊ နံ့တပြန်ပြန်၊ လက်ပံငုံဖူး၊ ဆက်ရက်ကယ်မြူးလို့၊ ပေါက်ဖူးငယ်လျှံသည်"ဟု ရေးဖွဲ့ခဲ့သည်။ နွေရာသီဘက်သို့နီးသည့်အတွက် ပုရစ်ဖူးလေးများလည်း ထွက်ပေါ်စပြုနေသည်။ အအေးဓာတ်လွန်ကဲသော တပို့တွဲလရာသီဝယ် မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘုရားရှင်အား သက်ရှိထင်ရှားဘုရားကဲ့သို့ ပူဇော်ရှိမှုသာမကဘဲ တက်ကြွစည်းလုံးခြင်းနှင့်ပြည့်ဝစေရန် ထမနဲထိုးပွဲများကိုလည်း ကျင်းပကြသည်။တပို့တွဲလရာသီတွင် ရှေးမြန်မာမင်းများ လက်ထက်ကပင် မီးပုံးပွဲနှင့်အတူ ထမနဲပွဲကိုလည်း ကျင်းပလေ့ရှိသည်။ မြန်မာလူမျိုးတို့သည် ကုသိုလ်ရေးကို အလေးထားသူများဖြစ်ကြသည့်အလျောက် တပို့တွဲလကောက်သစ်ပေါ်ချိန်တွင်လည်း တောင်သူလယ်သမားကြီးများသည် ထမနဲထိုးပွဲများကျင်းပလေ့ရှိသည်။အစာလည်းဆေး ဆေးလည်းအစာ ဆိုသည့်အတိုင်း အလွန်အေးချမ်းသည့် ဆောင်းရာသီအတွက် ဆေးဖက်ဝင်အစာဖြစ်သည်။ တပို့တွဲလဟူသော အမည်သည် ထန်းတက်သမားတို့နှင့်ဆက်စပ်နေပြီး ထန်းတက်သမားတို့သည် ထန်းရည်ခံရာ၌ လွယ်ကူစေရန်အတွက် ထန်းဖူးထန်းခိုင်နှင့်တကွ ပတ်လည်ရှိထန်းလက်တို့ကို အောက်သို့ ညွတ်ကိုင်းလာအောင် ခြေဖြင့် နင်းနှိပ်ချပေးရသည်ဟု မှတ်သားဖူးသည်။

အချမ်းလွန်ကဲသော တပို့တွဲလတွင် ရှေးမြန်မာလူမျိုးတို့က ဘုရားဆင်းတုတော်တို့ရှေ့၌ မီးဖိုရန်နှင့် ရဟန်းသံဃာများနှင့် သက်ကြီးရွယ်အိုတို့ မီးလှုံရန် နံ့သာထင်း၊ မီးအိုးကင်းတို့ကို လှူလေ့ရှိကြသည်။ ယခုခေတ်တွင်လည်း အညာဒေသများတွင် နံ့သာထင်းများကို စေတီ၊ ပုထိုး၊ ရုပ်ပွားတော်များရှေ့တွင် စေတီသဏ္ဍာန်စုပုံကာ စနစ်တကျမီးပူဇော်ကာ ကုသိုလ်ယူကြသည်။ ထို့အပြင် ထမနဲထိုးပွဲများကို ယခုအခါ ရပ်ကွက်အလိုက် စုပေါင်း၍ ထိုးကြသည်။ တပို့တွဲလသည် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဖြေဆိုရန် သံချောင်းခေါက်ချိန်လည်းဖြစ်သည်။

သို့ဖြစ်ရာ နှင်းရည်တို့စိုရွှဲနေသည့် ဆောင်းနှောင်းကာလ တပို့တွဲလတွင် အအေးဒဏ်ခံစားနေရသော်လည်း ကုသိုလ်ရေးစိတ်အားထက်သန်မှုကြောင့် နွေးထွေးမှုနှင့်အတူ မြန်မာတို့၏ သဒ္ဓါတရားအလှ ပေါ်လွင်နေမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ပျော်ဘွယ်မြို့နယ်လုံးဆိုင်ရာ (၁၁)ကြိမ်မြောက် ပရိယတ္တိဓမ္မာနုဂ္ဂဟစာမေးပွဲ ကျင်းပ



**ပျော်ဘွယ် ဇန်နဝါရီ ၁၈**

ပျော်ဘွယ်မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းမှ ဦးဆောင်ကျင်းပသည့် (၁၁)ကြိမ်မြောက် ပရိယတ္တိဓမ္မာနုဂ္ဂဟ စာမေးပွဲကို ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်ရာပြည့်သာသနာ့ဗိမာန်တွင် စတင်ဖြေဆိုကျင်းပသည်။

(အပေါ်ပုံ)

မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဂုဏာစာရနှင့် အဖွဲ့ဝင်ဆရာတော်များ ကြီးကြပ်မှုဖြင့် ပရိယတ္တိဓမ္မာနုဂ္ဂဟစာမေးပွဲတွင် သတ်မှတ်နေ့ရက်အလိုက် ရှင်ကျင့်ဝတ်၊ ဝိနည်းကျင့်ဝတ်၊ ဘိက္ခုပါတိမောက်၊ ဒွေမာတိကာ၊ ကစ္စည်းသဒ္ဒါကြီး၊ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာရပ်များကို သက်ဆိုင်ရာ အတန်းအလိုက် ဖြေဆိုရမည်ဖြစ်ကာ ယနေ့ကျင်းပဖြေဆိုသည့် ဒွေမာတိကာဘာသာရပ်၌ ပထမကြီးတန်းတွင် သုံးပါး၊ ပထမလတ်တန်းတွင် ၁၃ ပါး၊ ပထမငယ်တန်းတွင် ၁၆ ပါး၊ အခြေပြုမူလတန်းတွင် ၅၇ ပါး၊ ရှင်ကျင့်ဝတ်တန်းတွင် ၉၆ ပါး၊ စုစုပေါင်း ၁၈၅ ပါး ဝင်ရောက်ဖြေဆိုကြသည်။

ပရိယတ္တိဓမ္မာနုဂ္ဂဟစာမေးပွဲကို သုံးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအာကာစိုးနှင့် လူပုဂ္ဂိုလ်များက လိုအပ်သည်များကို ပူးပေါင်းကူညီဆောင်ရွက်ခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး**

## ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ပြင်ဦးလွင် ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် သိုက်တောကျေးရွာအုပ်စု၊ ဘော်ကျေးရွာ၌ ကုန်ထုတ်လမ်းမြေပေါင်တင် ဂျင်းကျောက်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိသန္တာကျော်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာများက ဘော်ကျေးရွာ ကုန်ထုတ်လမ်းအရှည် သုံးမိုင်၊ အကျယ် ၁၂ ပေ၊ မြေသားတစ်ပေ၊ ဂျင်းကျောက် ကိုးလက်မ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို သတ်မှတ်အရည်အသွေး ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်စံချိန် စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ကျပ် ၄၂၅ ဒသမ ၆၃၁ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုဘဏ္ဍာနှစ် မေလ စတုတ္ထအပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး၍ ဘော်ကျေးရွာရှိ တောင်သူများ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ပြောသည်။

(ဝ၄ဝ)

## လားရှိုးတက္ကသိုလ်တွင် အဝေးသင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနိုင်ပြီ

**လားရှိုး ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ လားရှိုးတက္ကသိုလ်တွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီမှ စတင်၍ အဝေးသင်ကျောင်းသား၊ ကျောင်းသူများ ကျောင်းပြန်လည်အပ်နှံနိုင်ပြီ ဖြစ်သည်။

ထိုသို့ ကျောင်းများပြန်လည်အပ်နှံရာတွင် ပထမနှစ် ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီမှ မတ်လကုန်အထိ လည်းကောင်း၊ ဒုတိယနှစ်နှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ဖေဖော်ဝါရီမှ မေ ၁၅ ရက်အထိလည်းကောင်း ကျောင်းအပ်နှံနိုင်ကြောင်း လားရှိုးတက္ကသိုလ်မှ သိရသည်။

**လူမော်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂ဝဝ၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ဝ၉-၇၅၁၁၇ဝ၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

✪ ရှေ့ဖုံးမှ

## လောကသာရဖူ စေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်း တည်ထားကိုးကွယ်မည့် လောကသာရဖူစေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိကြပြီး မြေကြီးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ပင်မစေတီတော် တည်ဆောက်ခြင်း၊ ရင်ပြင်ကြမ်းခင်းခြင်း၊ အရံစေတီများ တည်ဆောက်ခြင်း၊ ပစ္စယံများ ကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် စေတီတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဝစီပိတ်ဆရာတော်ကြီး၏ မိန့်ကြားမှုများအပေါ် လိုအပ်သည်များ တင်ပြလျှောက်ထားကာ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှု တင်ပြချက်များအပေါ် ရေယိုစိမ့်ခြင်း၊ ရေတိုက်စားခြင်းများ မဖြစ်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ကတည်းကပင် ရေဝင်၊ ရေထွက်နှင့် ရေထုတ်စနစ်များ စနစ်တကျဖြစ်စေရေး တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရာသီဥတုဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေး၊ ငလျင်ဘေးအန္တရာယ်များ အတိုင်းအတာတစ်ခုအထိ ခံနိုင်ရည်စံနှုန်းရှိစေရေးအတွက်လည်း တွက်ချက်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းဧရိယာတောင်စောင်းများပေါ်၌ သစ်ပင်များကိုလည်း စနစ်တကျဖြင့် ပြန်လည်စိုက်ပျိုးသွားရန် လိုကြောင်း၊ ရင်ပြင်တော်ပေါ်၌ နေပူခံကျောက်ပြားများ ခင်းကျင်းရာ၌လည်း ဒီဇိုင်းရေးဆွဲပြီးမှသာ စနစ်တကျဖြင့် ခင်းကျင်းသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် စေတီတော်ကြီး တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လောကသာရဖူ စေတီတော်မြတ်ကြီး တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစဉ်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိကအဆောက်အအုံများ တည်ဆောက်ထားရှိမှုနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်တော်စဉ်ဖွားပွင့်ဟောစံသံဝေဇနီယလေးဌာနတို့အား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော် အတွင်းရှိ ကျောက်စာရုံများကို ကြည့်ရှုစဉ်။

## သတ္တ သတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်းရှိ သတ္တ သတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ သောက်တော်ရေချမ်းနှင့် ပန်းမန်၊ ဆီမီးတို့ကို ကပ်လှူပူဇော်ကြသည်။ ၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော်မြတ်ကြီး ဘက်စုံထိန်းသိမ်းဆောင်ရွက်ရန်အတွက် စုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်တစ်ဦးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သတ္တ သတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် စေတီတော်မြတ်ကြီးရှိ ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ဗုဒ္ဓဥယျာဉ်တော် သီလဓမ္မကုသိုလ်ဖြစ် ဆေးခန်းဆောင်ရွက်ထားရှိမှုနှင့် သီလဓမ္မဆေးရုံတော်တည်ဆောက်ထားရှိမှုအခြေအနေများကို ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သုခမှတ်စုပန်းခင်းနေရာနှင့် ဗုဒ္ဓဥယျာဉ်ပြတိုက်တို့အတွင်း လှည့်လည်ကြည့်ရှုကြသည်။

## အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီး

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၄၂)ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်၌ ဈေးရောင်းချနေသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

စာမျက်နှာ ၄ သို့ ✪

✪ စာမျက်နှာ ၃ မှ
ပန်း၊ ရေချမ်းနှင့်ဆီမီးများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကာ လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး စေတီတော်လိုဏ်အတွင်း စကျင်ကျောက်များဖြင့် ထုဆစ်ပူဇော်ထားရှိသည့်ဗုဒ္ဓဝင်များကို လှည့်လည်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌက ရုပ်ပွားတော်မြတ်ကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်ရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။

**ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင်ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိ ဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဘုရားကြီးအား သောက်တော်ရေချမ်းနှင့် ပန်းမန်၊ ဆီမီး တို့ကိုကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဘုရားကြီးအတွက် ဘက်စုံ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ဘုရားကြီးဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ပြည်နယ်ကွင်းတွင် ကျင်းပပြုလုပ်သည့် (၄၂)ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်သို့ သွားရောက်၍ ဒေသရိုးရာ အစားအသောက်များ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းချနေသူများနှင့်လာရောက်စားသုံးကြသည့်ပြည်သူလူထုများ၊ နှစ်သစ်ကူးပွဲတော်သို့ လာရောက်ဆင်နွှဲကြသည့် လားဟူတိုင်းရင်းသားများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ



နေပြည်တော် ဇန်နဝါရီ ၁၈

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ် ဝန်ကြီးများ အစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ် အစည်းအဝေးများ (6th ASEAN Digital Ministers' Meeting – 6th ADGMIN and Related Meetings with Dialogue Partners) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့တွင် ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

(၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကို အာဆီယံဒေသတွင်း ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားကို Melia Hanoi Hotel ၌ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Pham Minh Chinh က တက်ရောက် အဖွင့်အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးသည်။

(၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးကို "Adaptive ASEAN– From Connectivity to Connected Intelligence" ခေါင်းစဉ်ဖြင့် ပြုလုပ်ရာ ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး H.E. Nguyen Manh Hung က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးတွင်အာဆီယံဒေသအတွင်း ဒစ်ဂျစ်တယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဘေးကင်းလုံခြုံမှု၊ ကျင့်ဝတ်ရှိမှုနှင့်အားလုံးပါဝင်သော AI အသုံးပြုမှုကိုမြှင့်တင်၍ သမားရိုးကျဆက်သွယ်ပေါင်းစည်းမှု ကဏ္ဍများတွင် ဉာဏ်ရည်တုစနစ်များကို အခြေခံ၍ဖော်ဆောင်ရန် ပူးပေါင်းဆောင်ရွက်မှုများနှင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများအား ပူးပေါင်းဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အစည်းအဝေး၏ ခေါင်းစဉ်သည် ASEAN ၏ ဆက်သွယ်မှု ကွန်ရက်များကို ဉာဏ်ရည်တု စနစ်များဖြင့် အားဖြည့်ထားပြီး ယုံကြည်စိတ်ချမှု အပြည့်ရှိကာ ပြည်သူပြည်သားများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်သည့် ဆက်သွယ်ပေါင်းစည်းမှုပုံစံတစ်ခုအသွင်သို့ ပြောင်းလဲတက်လှမ်း တည်ဆောက်ရန်ဟူသည့်ASEAN ၏ရည်ရွယ်ချက်နှင့် ကိုက်ညီသည့်အတွက် ထောက်ခံပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းပြီး AI ကို ဘေးကင်းလုံခြုံ၍ ကျင့်ဝတ်ရှိသည့် ပုံစံဖြင့် အသုံးပြုနိုင်ရေးအတွက် ခိုင်မာပြီး သင့်တော်သည့် စီမံအုပ်ချုပ်မှုစနစ်ရှိရန် ဆောင်ရွက်နေခြင်း၊ လုံခြုံမှုရှိသည့် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ယုံကြည်စိတ်ချရသော နယ်စပ်ဖြတ်ကျော် ဒေတာစီးဆင်းမှု (trusted cross-border data flow) ကိုအားပေးခြင်းနှင့် ပြည်သူ့ဗဟိုပြု digital government စနစ် ဖြစ်ထွန်းစေရေး ဆောင်ရွက်ခြင်းတို့ကို ထောက်ခံပါကြောင်း၊ ASEAN ဒေသတွင်း AI အုပ်ချုပ်မှုကို ပူးပေါင်းဖော်ဆောင်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ ဒစ်ဂျစ်တယ် နည်းပညာ တိုးတက်မှုကွာဟသည့်အခြေအနေကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံအလိုက် လွတ်လပ်စွာ အကောင်အထည်ဖော်နိုင်စေရေး ထည့်သွင်းစဉ်းစားရန် အရေးကြီးကြောင်း၊ ASEAN Digital Masterplan 2030 ပါ အာဆီယံ၏ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အဓိကအားဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးတွင် ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် စီမံကိန်းများ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၂၆ ခုနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းများ အတည်ပြုခြင်း၊ စီမံကိန်းများအတွက် ဘဏ္ဍာငွေအတည်ပြုခြင်း၊ online scam တိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေး မြှင့်တင်ရေး၊ AI ဖွံ့ဖြိုးတိုးတက်မှု စနစ်တကျဖြစ်စေရေး စသည့်အကြောင်းအရာများတွင် ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေး အတည်ပြုကြသည်။

(၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် အာဆီယံဒစ်ဂျစ်တယ် မဟာဗျူဟာ ၂၀၃၀ အတည်ပြုထုတ်ပြန်သည့် အခမ်းအနားအပြီးတွင် ပိတ်သိမ်းခဲ့သည်။ အစည်းအဝေးတွင် ဟနွိုင်းဒစ်ဂျစ်တယ်ကြေညာချက် (Hanoi Digital Declaration) ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဇန်နဝါရီ ၁၅ ရက် ညပိုင်းတွင် Melia Hanoi Hotel တွင် ဗီယက်နမ်နိုင်ငံအစိုးရက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် ASEAN Digital Awards 2026 ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ ASEAN Digital Awards 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံ မန္တလေးမြို့ Tem Europa အဖွဲ့မှ Digital Startup ကဏ္ဍအောက်မှ Green Globe: Waste Management for a Better World! ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ တတိယဆု ရရှိခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းတွင် 2026 China–ASEAN Digital Ecosystem Cooperation Net-working Event သို့ တရုတ်နိုင်ငံ China Academy of Information and Communications Tech-nology ဌာန၏ ဖိတ်ကြားမှုဖြင့် တက်ရောက်ပြီး Keynote speech ပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်စနစ်များသည် ပိုမိုယုံကြည်စိတ်ချရလာပြီး ပိုမို၍ ပြည်သူဗဟိုပြု ဖြစ်လာပါကြောင်း၊ သို့သော်ဒစ်ဂျစ်တယ် အသွင်ပြောင်းလဲမှု ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ ချိတ်ဆက်မှု (Connectivity) တစ်ခုတည်းဖြင့် မလုံလောက်တော့ဘဲ နောက်တစ်ဆင့်မှာ intelligence၊ လိုက်လျောညီထွေ ဖြစ်အောင်လုပ်ဆောင်နိုင်မှု (adaptability) နှင့် ဆန်းသစ်တီထွင်မှု (innovation) တို့လိုအပ်လာပါကြောင်း၊ နည်းပညာအသစ်များ တိုးတက်ပေါ်ထွန်းလာခြင်းနှင့်အတူ မိမိတို့လည်း တိုးတက်လာရန် လိုပါကြောင်း၊ စိန်ခေါ်မှု ပိုမိုများလာသည်နှင့်အမျှ ပိုမိုစည်းလုံးစွာဖြင့် တုံ့ပြန်ကြရန် လိုလာပါကြောင်း၊ နည်းပညာပိုင်း မြှင့်တင်ရန်သာမက ဒေသတွင်း ပြည်သူများအားလုံး၏ အနာဂတ်အတွက် အခွင့်အလမ်းကောင်းများ မြှင့်တင်ပေးနိုင်ရန်အတွက်ပါ ပူးပေါင်း ဆောင်ရွက်ကြရန် ဆွေးနွေးသည်။

(၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံ ၁၁ နိုင်ငံနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်တို့မှ ဒစ်ဂျစ်တယ်ကဏ္ဍဆိုင်ရာ ဝန်ကြီးအဆင့်ရှိသူများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း(VRFP)လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုန်းမြင့်ကျေးရွာအုပ်စု၊ စွန်းကျေးရွာ၌ ကျေးရွာမ,တည်စီမံကိန်းရန်ပုံငွေ (VRFP) စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ စွန်းကျေးရွာ၌ (VRFP) စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဦးစီးမှူးက (VRFP) စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အောက်ယာပုံ)**

အဆိုပါကျေးရွာ၌ ကျေးရွာမ,တည် စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၇ ဦးကို ဆဋ္ဌမအကြိမ်မြောက် (VRFP) စီမံကိန်းရန်ပုံငွေကျပ် ၂၁ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးလှဌေးမောင်ထံမှ သိရသည်။

(၄၄၅)



# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်( ၁၇ / ၂၀၁၆ )
၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ လ ၁၈ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးရားဝမ်ဂျူ | ၁/ပတအ(နိုင်) ၀၁၇၃၅၄ | မချမ်းဘောမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဒေါ်မိုးသီတာသိန်း | ၁/မကန(နိုင်) ၀၁၈၀၇၅ | ဝိုင်းမော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကချင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၃) | ဦးချန်းဂျောင်ဆားရ် | ၁/ပတအ(နိုင်) ၀၁၆၇၇၇ | ဝိုင်းမော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးရဲရင့်ဆွေ | ၉/စကန(နိုင်) ၀၆၃၀၁၅ | တနိုင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးခေါ်ဆာ | ၁/ဝမန(နိုင်) ၀၀၄၃၈၃ | ပူတာအိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးကွမ်ငါးနော်အောင် | ၁/မခဘ(နိုင်) ၀၀၁၃၆၁ | ချီဖွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးနီးဆာ | ၁/မကန(နိုင်) ၁၅၆၅၀၀ | ဆွမ်ပရာဘွမ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ |
| (၈) | ဦးလဟန်ဇောင်းခေါင် | ၁/ဝမန(နိုင်) ၀၀၁၉၅၉ | ဆော့လော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ |
| (၉) | ဦးဂျေဇာဒီး | ၁/ခဘဒ(နိုင်) ၀၀၄၆၇၆ | ခေါင်လန်ဖူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၁၀) | ဦးဆမ်ဘုံဆင် | ၁/ပတအ(နိုင်) ၀၂၇၈၅၃ | နောင်မွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကချင်ပြည်နယ် ပြည်သူ့ပါတီ |
| (၁၁) | ဦးငွါးခီဆာ | ၁/ပတအ(နိုင်) ၀၄၂၂၃၆ | မချမ်းဘောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | မြန်မာနိုင်ငံတောင်သူ လယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| **ကယားပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၂) | ဦးစိုးရယ် | ၂/ဒမဆ(နိုင်) ၀၁၃၉၃၁ | ဒီးမော့ဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးဂျိုးဇက်ကျော် | ၂/ဖရဆ(နိုင်) ၀၀၁၁၅၃ | ဖရူဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၁၄) | ဦးအုံ့မော် | ၇/ပမန(နိုင်) ၁၁၅၇၈၂ | လွိုင်ကော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးပိုးရယ်အောင်သိန်း | ၂/လကန(နိုင်) ၀၀၉၁၇၅ | ဒီးမော့ဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးရဲဝင်း | ၂/ရတန(နိုင်) ၀၀၀၂၃၂ | ဖရူဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဒေါ်နှင်းနှင်းရီ | ၂/လကန(နိုင်) ၀၆၆၂၆၁ | ဖားဆောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးဇော်မင်းဦး | ၂/လကန(နိုင်) ၀၅၃၇၄၈ | မယ်စဲ့မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကယားပြည်နယ် ပြည်သူ့ပါတီ |
| (၁၉) | ဦးစောဒီးဒီ | ၂/လကန(နိုင်) ၀၀၉၉၁၅ | ဘောလခဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကယားပြည်နယ် ပြည်သူ့ပါတီ |
| (၂၀) | ဦးစိုးညွန့် | ၂/ဘလခ(နိုင်) ၀၀၀၄၁၉ | ရှားတောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၂၁) | ဦးထွန်းထွန်း | ၅/ကလဝ(နိုင်) ၀၃၀၇၆၄ | ကလေးဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးဆန်းဝင်း | ၅/မကန(နိုင်) ၀၀၄၉၈၃ | မင်းကင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးတင်မင်းထွဋ် | ၅/ဖပန(နိုင်) ၀၄၃၉၃၀ | ဖောင်းပြင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးမြင့်တင် | ၅/ကလန(နိုင်) ၀၄၀၄၄၈ | ကျွန်းလှမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၂၅) | ဦးလှထွန်း | ၅/လရန(နိုင်) ၀၀၀၄၁၃ | နန်းယွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးထန်ငူ | ၅/လဟန(နိုင်) ၀၁၉၆၆၆ | လဟယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးရှုမောင် | ၅/ခတန(နိုင်) ၀၁၄၇၄၆ | လေရှီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၂၈) | ဦးမင်းဇော် | ၅/မလန(နိုင်) ၀၀၀၀၃၃ | ကလေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဦးအောင်ဇော်ဝင်း | ၅/ဟမလ(နိုင်) ၀၃၇၆၇၃ | ဟုမ္မလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဦးတင်မောင်မြင့် | ၅/ကလဝ(နိုင်) ၀၀၄၀၉၂ | ဖောင်းပြင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးမော်လိပ် | ၅/လဟန(နိုင်) ၀၁၂၀၄၃ | တမူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၃၂) | ဦးအောင်နိုင်သူ | ၅/လရန(နိုင်) ၀၀၄၈၄၃ | ခန္တီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၃၃) | ဦးမြင့်ကျော် | ၅/ကလဝ(နိုင်) ၀၀၂၅၂၉ | မင်းကင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၄) | စိုင်းအောင်ခမ်း | ၅/ဟမလ(နိုင်) ၀၄၀၈၀၀ | မော်လိုက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၅) | ဦးရဲနောင် | ၁/ကမန(နိုင်) ၀၄၄၀၀၅ | ကလေးဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနီ(တိုင်းလျှမ်)သွေးစည်း ညီညွတ်ရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၃ )** | | | | |
| (၃၆) | ဦးမျိုးသန့် | ၅/ကသန(နိုင်) ၀၁၀၈၂၁ | ကန့်ဘလူမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးကျော်လွင်ဦး | ၅/အတန(နိုင်) ၀၀၀၀၅၈ | ကသာမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၈) | ဦးကျော်သူ | ၅/ကသန(နိုင်) ၀၀၂၇၁၅ | ကောလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဒေါ်ခင်ဝင်းကြည် | ၅/ဗမန(နိုင်) ၀၀၀၀၉၅ | ထီးချိုင့်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးကျော်စိုး | ၅/ကသန(နိုင်) ၀၁၀၆၅၀ | ဗန်းမောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးမင်းအောင် | ၅/ထခန(နိုင်) ၀၅၁၄၃၂ | ပင်လယ်ဘူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | ဦးသက်လွင် | ၅/ကသန(နိုင်) ၀၅၇၅၃၆ | အင်းတော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၄၃) | ဒေါ်မာမာဝင်း | ၅/ကသန(နိုင်) ၀၇၉၄၆၆ | ကျွန်းလှမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၄၄) | ဦးအောင်ဇော်မင်း | ၅/ကသန(နိုင်) ၀၆၈၂၃၈ | ဝန်းသိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ(အပိုင်း၂)
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မချမ်းဘော | | | ၃၄၅၈ | ၄၄၇ | ၃၉၀၅ | |
| | | ဦးရားဝမ်ဂျူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၂၂ | ၃၇၅ | ၁၈၉၇ | ၄၈.၅၈% |
| | | ဦးဆန်နိုင်ဖေရမ် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၃၀၂ | ၄၃ | ၁၃၄၅ | ၃၄.၄၄% |
| | | ဦးငွါးအားဖူ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၈၃ | ၁၉ | ၅၀၂ | ၁၂.၈၆% |
| | | ဦးဂျေယိမိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၁ | ၁၀ | ၁၆၁ | ၄.၁၂% |
| ၂ | ဝိုင်းမော် | | | ၁၉၃၁၈ | ၁၉၄၄ | ၂၁၂၆၂ | |
| | | ဒေါ်မိုးသီတာသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၀၆၈ | ၇၉၅ | ၆၈၆၃ | ၃၂.၂၈% |
| | | ဦးတိန့်ဆောင် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၄၂၈၉ | ၄၁၅ | ၄၇၀၄ | ၂၂.၁၂% |
| | | ဦးအားဆီဖီးထွေ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၈၁ | ၃၄၄ | ၃၂၂၅ | ၁၅.၁၇% |
| | | ဦးအိုင်ပလွတ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၉၉ | ၁၃၉ | ၁၉၃၈ | ၉.၁၁% |
| | | ဒေါ်မာရှန်(ခဒေါ်ဂွန်ထန်ကော့ရှန်) | တစ်သီးပုဂ္ဂလ | ၁၈၀၈ | ၁၁၉ | ၁၉၂၇ | ၉.၀၆% |
| | | ဦးမိတုံဂမ်အောင်(ခ)ဘရန်အောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၂၅၂ | ၅၁ | ၁၃၀၃ | ၆.၁၃% |
| | | ဦးဘရန်ရှောင် | တစ်သီးပုဂ္ဂလ | ၆၆၂ | ၅၂ | ၇၁၄ | ၃.၃၆% |
| | | ဒေါ်အေးသဉ္ဇာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၉ | ၂၉ | ၅၈၈ | ၂.၇၇% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)
## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၆၇၁၆၃ / ၉ = ၇၄၆၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၆၇၁၆၃ | ၆ | | ၃ | ၉ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၃၇၆ | ၃ | ၅၉၉၀ | ၁ | ၄ | |
| | | ၂။ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၁၉၇ | ၁ | ၃၇၃၅ | - | ၁ | |
| | | ၃။ | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၈၃၆၄ | ၁ | ၉၀၂ | - | ၁ | |
| | | ၄။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၅၀၇ | ၁ | ၄၅ | - | ၁ | |
| | | ၅။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၇၃၆၃ | - | ၇၃၆၃ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၃၅၆ | - | ၄၃၅၆ | ၁ | ၁ | |

ရှင်းလင်းချက် ။( ၁ ) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကချင်ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် တနိုင်း၊ ခေါင်လန်ဖူး၊ နောင်မွန်း၊ ပူတာအိုမြို့နယ်မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မချမ်းဘော၊ ဝိုင်းမော်မြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများ အနည်း အပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ( အပိုင်း ၂ )
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကယားပြည်နယ် | | | | | | |
| ၁ | ဒီးမော့ဆို | | | ၉၂၆ | ၁၁၁၃ | ၂၀၃၉ | |
| | | ဦးစိုးရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၂၆ | ၇၉၄ | ၁၄၂၀ | ၆၉.၆၄% |
| | | ဒေါ်ခိုင်ရွှေဝင်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၇၂ | ၁၇၆ | ၃၄၈ | ၁၇.၀၇% |
| | | ဦးကျော်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၈ | ၁၄၃ | ၂၇၁ | ၁၃.၂၉% |
| ၂ | ဖရူဆို | | | ၂၉၅ | ၇၅၄ | ၁၀၄၉ | |
| | | ဦးဂျိုးဇက်ကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၅ | ၇၁၃ | ၉၆၈ | ၉၂.၂၈% |
| | | ဦးစောဟူးဟူး | ကယားပြည်နယ်ပြည်သူ့ပါတီ | ၄၀ | ၄၁ | ၈၁ | ၇.၇၂% |

စာမျက်နှာ ၇ သို့ ☆

## သရက်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်များမီးဘေးလုံခြုံရေး မီးသတ်ဆေးဘူးအသုံးပြု၍ ဇာတ်တိုက်လေ့ကျင့်

သရက် ဇန်နဝါရီ ၁၈

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သရက်မြို့နယ် မီးသတ်ဦးစီးမှူးများနှင့် ဝန်ထမ်းများက သရက်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးအသုံးပြု၍ ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်ခြင်းကို ယမန်နေ့နံနက် ၉ နာရီခွဲက ထူးစတား စက်သုံးဆီအရောင်းဆိုင်၌ ဆောင်ရွက်ခဲ့သည်။

ထူးစတား စက်သုံးဆီအရောင်းဆိုင်တွင် မီးသတ်ဆေးဘူးအသုံးပြု၍ ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုရမည့်အချက်များကို အသိပညာပေးဆွေးနွေးပေးခဲ့ပြီး မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သရက်(ပြန်/ဆက်)



★ စာမျက်နှာ ၆ မှ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်း ရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၆၈၇၉ / ၇ = ၅၂၆၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကယားပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၆၈၇၉ | ၆ | | ၁ | ၇ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၇၈၉ | ၃ | ၃၉၈၅ | ၁ | ၄ | |
| | | ၂။ | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၁၁၃၀ | ၂ | ၅၉၄ | - | ၂ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၆၀ | ၁ | ၆၉၂ | - | ၁ | |

ရှင်းလင်းချက်။ (၁) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကယားပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဘောလခဲ၊ လွိုင်ကော် မြို့နယ်မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒီးမော့ဆို၊ ဖရူဆိုမြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့်ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ( အပိုင်း ၂ )

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၁ | ကလေးဝ | | | ၃၈၃၀ | ၆၀၇ | ၄၄၃၇ | |
| | | ဦးထွန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၇၁ | ၄၁၇ | ၂၄၈၈ | ၅၆.၀၇% |
| | | ဒေါ်သီသီထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၅၉ | ၁၉၀ | ၁၉၄၉ | ၄၃.၉၃% |
| ၂ | မင်းကင်း | | | ၆၄၃၂ | ၁၀၃၄ | ၇၄၆၆ | |
| | | ဦးဆန်းဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၇၃၈ | ၈၄၆ | ၅၅၈၄ | ၇၄.၇၉% |
| | | ဦးတင်ဌေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၉၄ | ၁၈၈ | ၁၈၈၂ | ၂၅.၂၁% |
| ၃ | ဖောင်းပြင် | | | ၉၆၅၂ | ၁၆၁၅ | ၁၁၂၆၇ | |
| | | ဦးတင်မင်းထွဋ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၀၈ | ၁၄၀၂ | ၇၉၁၀ | ၇၀.၂၀% |
| | | ဦးတင့်ဆွေဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၅၄ | ၁၂၁ | ၂၄၇၅ | ၂၁.၉၇% |
| | | ဒေါ်မြမြနွယ် | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၇၉၀ | ၉၂ | ၈၈၂ | ၇.၈၃% |
| ၄ | ကျွန်းလှ | | | ၁၂၇၂၄ | ၁၁၉၅ | ၁၃၉၁၉ | |
| | | ဦးမြင့်တင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၉၄၅ | ၉၇၉ | ၈၉၂၄ | ၆၄.၁၁% |
| | | ဒေါ်စန်းစန်းမော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၇၇၉ | ၂၁၆ | ၄၉၉၅ | ၃၅.၈၉% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်း ရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၄၅၇၄၀ / ၁၁ = ၁၃၂၄၉

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၁၄၅၇၄၀ | ၉ | | ၂ | ၁၁ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၇၁၃ | ၅ | ၂၄၆၈ | - | ၅ | |
| | | ၂။ | နာဂအမျိုးသားပါတီ | ၃၃၂၅၀ | ၂ | ၆၇၅၂ | ၁ | ၃ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၅၃၆၃ | ၁ | ၁၂၁၁၄ | ၁ | ၂ | |
| | | ၄။ | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၁၈၄၁၄ | ၁ | ၅၁၆၅ | - | ၁ | |

ရှင်းလင်းချက်။ (၁) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် လေရှီး၊ လဟယ်၊ နန်းယွန်း၊ ကလေး၊ ခန္တီး၊ ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇ /၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ကလေးဝ၊ မင်းကင်း၊ ဖောင်းပြင်မြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၃ မြို့နယ်ရှိ လူဦးရေ အများအနည်းအရ လည်းကောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များရရှိသည့် နိုင်လုံမဲအများအနည်းနှင့် ဒေသခံတိုင်းရင်းသားလူမျိုးအရလည်းကောင်း ကိုယ်စားပြုမြို့နယ်များ သတ်မှတ်ထားခြင်းဖြစ်ပါသည်။

စာမျက်နှာ ၈ သို့ ★



## မိတ္ထီလာမြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

မိတ္ထီလာ ဇန်နဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည်။

အဆိုပါ လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းတွင် ဈေးရုံများအား မီးငြိမ်းသတ်ရေးယာဉ်များမှ မီးသတ်ရေပိုက်များအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကြီးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများက စုပေါင်းဆောင်ရွက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

★ စာမျက်နှာ ၂၄ မှ

အထက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တီမောလက်စ်တေ နိုင်ငံခြားရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးက (၅၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပစဉ် ကာလ အတွင်း ၈-၇-၂၀၂၅ ရက်၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ညွန့်ဦးထံ တွေ့ဆုံခွင့်တောင်းခံ၍ တွေ့ဆုံခဲ့စဉ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ ၁၀-၇-၂၀၂၅ ရက်တွင် စာပေးပို့၍လည်း ကောင်း၊ ၁၈-၉-၂၀၂၅ ရက်တွင် တီမောလက်စ်တေနိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ်တွင်လည်း ကောင်း တီမောလက်စ်တေနိုင်ငံသည် အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမပြုပါကြောင်းနှင့် အာဆီယံပဋိညာဉ်ပါ အခြေခံမူ များကို အပြည့်အဝ လေးစားလိုက်နာမည်ဖြစ်ပါကြောင်း အကြိမ်ကြိမ် ကတိကဝတ်ပြုခဲ့သည့်အတွက် တီမောလက်စ်တေနိုင်ငံ၏ အာဆီယံ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် လျှောက်ထားမှုကို မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ကန့်ကွက်ခြင်းမပြုတော့ဘဲ အာဆီယံတူညီဆန္ဒဖြင့် လိုက်ပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ၉-၁၀-၂၀၂၅ ရက်တွင် ထိုစဉ်က အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံခြားရေးဝန်ကြီးထံသို့ အသိပေးခဲ့သည်။

တီမောလက်စ်တေနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်ပါ အခြေခံ မူများနှင့်အညီ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာ ရောက်သည့် အပြုအမူများ ဆောင်ရွက်မည်မဟုတ်ကြောင်း အကြိမ်ကြိမ် ကတိပြုခဲ့သော်လည်း မြန်မာနိုင်ငံ၏ တည်ဆဲအစိုးရကို တီမောလက်စ်တေ ၏ Public Prosecutor's Office တွင် တရားစွဲဆိုတိုင်ကြားမည့် ချင်းလူ့အခွင့်အရေးအဖွဲ့အား တီမောလက်စ်တေသမ္မတက လက်ခံ တွေ့ဆုံ၍ အားပေးအားမြှောက်ပြုခြင်းသည် မြန်မာနိုင်ငံ၏ ပြည်တွင်း ရေးကို ဝင်ရောက်စွက်ဖက်ခြင်းပင်ဖြစ်သည်။

မြန်မာအစိုးရသည် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက် သည့် တီမောလက်စ်တေနိုင်ငံ၏ အဆိုပါထိတွေ့ဆက်ဆံမှု၏ အကြောင်း အရာ၊ သဘောသဘာဝနှင့် အကျိုးဆက်များအပေါ် ကန့်ကွက်ပြီး တရားဝင်ဆန့်ကျင်ကြောင်း မှတ်တမ်းတင်သည်။ သတင်းမှားများ ဖြန့်ဝေပြီး မတည်ငြိမ်မှုများကိုလှုံ့ဆော်ရန် ကြိုးပမ်းကာ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကို ရည်ရွယ်ချက်ရှိရှိ ထိခိုက်စေရန် ဆောင်ရွက် နေသည့် အစိုးရဆန့်ကျင်ရေးအဖွဲ့များနှင့် တီမောလက်စ်တေအစိုးရက တရားဝင်ထိတွေ့ဆက်ဆံခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရန်နှင့် အခြားအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမှရှောင်ကြဉ်ရန် ပြဋ္ဌာန်းထား သည့် အာဆီယံပဋိညာဉ်ပါ အခြေခံမူများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်သည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံအား ၁၆-၁-၂၀၂၆ ရက်တွင် နေပြည်တော်သို့ ဆင့်ခေါ်၍ တီမောလက်စ်တေ၏ အာဆီယံပဋိညာဉ်ပါ အခြေခံမူများအား ချိုးဖောက်၍ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မှုအပေါ် ကန့်ကွက်ရှုတ်ချကြောင်းနှင့် ဖြေရှင်းပြန်ကြားပေးရန် တောင်းဆိုကြောင်း ဖော်ပြသည့် သတိထောက် လွှာအား ပေးအပ်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်

★ စာမျက်နှာ ၇ မှ

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၅၃၂ / ၉ = ၅၀၂၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၄၅၂၃၂ | ၈ | | ၁ | ၉ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၅၄၄ | ၅ | ၄၄၁၉ | ၁ | ၆ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၆၈၈ | ၃ | ၆၁၃ | - | ၃ | |
| | | | | | | | | | |

ရှင်းလင်းချက် ။ (၁) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ကသာ၊ ကန့်ဘလူမြို့နယ် မဲဆန္ဒနယ် များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ကျွန်းလှမြို့နယ် မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်း အပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

## မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်းအားကစားသမားများ၏ မသန်စွမ်းမှု အဆင့်သတ်မှတ်စစ်ဆေးနေမှု သွားရောက်ကြည့်ရှုလေ့လာ



နေပြည်တော် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံမသန်စွမ်းအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး သည် ယနေ့နံနက်ပိုင်းတွင် မြန်မာ နိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ ချုပ်မှ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင် များနှင့်အတူ (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစား ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ၏ မသန်စွမ်းမှုအဆင့် သတ်မှတ် စစ်ဆေးနေမှုများကို သွားရောက် ကြည့်ရှုလေ့လာသည်။

ဦးစွာ မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ Nakhon Ratchasima Rajabhat University ဘောလုံးကွင်းအတွင်း ရှိ Classification Room တွင် မသန်စွမ်းမှု အဆင့်သတ်မှတ် စစ်ဆေးနေသော မြန်မာမသန်စွမ်း ခုနစ်ယောက်တစ်ဖက် ဘောလုံး အသင်းမှ ကစားသမားများနှင့် တွေ့ဆုံအားပေးစကားပြောကြား ပြီး မြန်မာမသန်စွမ်း ခုနစ်ယောက် တစ်ဖက်ဘောလုံးအသင်း တစ်ဦး ချင်း မသန်စွမ်းမှုအဆင့် သတ်မှတ် စစ်ဆေးနေမှုကို ကြည့်ရှုလေ့လာ ကာ တာဝန်ရှိသူများနှင့် အုပ်ချုပ်/ နည်းပြများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဘိုစီယာ၊ ဂိုးလ် ဘော၊ ပြေးခုန်ပစ်၊ ထိုင်လျက် ဘော်လီဘော၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်နှင့် Power-Lifting ကစားနည်းတို့မှ ကစား နည်းအလိုက် မြန်မာမသန်စွမ်း အားကစားသမားများ၏ မသန် စွမ်းမှုအဆင့် သတ်မှတ်စစ်ဆေး ခြင်းများ၊ မြန်မာမသန်စွမ်း ဘိုစီယာအသင်းနှင့် ဂိုးလ်ဘော အသင်းတို့၏လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှု လေ့လာခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**



## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခြေခံစံချိန်စံညွှန်းကိုက်ညီစေရေး ကွင်းဆင်း

ညောင်ဦး ဇန်နဝါရီ ၁၈

၂၀၂၆ ခုနှစ် ဇွန်လ ၅ ရက်နေ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး နေ့ အမျိုးသားအဆင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့မှ ပေးအပ် ချီးမြှင့်မည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော မြို့၊ ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းဆုအတွက် အမျိုးသားအဆင့် သတ်မှတ်ထား သည့် အခြေခံစံချိန်စံညွှန်းနှင့် အညွှန်းကိန်းသတ်မှတ်ချက် ကိုက်ညီစေ ရေး ဇန်နဝါရီ ၁၆ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ကျော်စိုး ဦးဆောင် ၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်ခင်တင့်တင့်အောင်နှင့်အဖွဲ့ဝင်များသည် ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာသို့ သတ်မှတ်ထားသည့် အခြေခံစံချိန်စံညွှန်း ၁၀ ချက်၊ အညွှန်းကိန်း ၆၆ ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက် ထားရှိမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒီပါလင်း

# သက်ဆိုင်ရာနိုင်ငံကမစွပ်စွဲဘဲ ဟိုကနေလှမ်းပြီးစွပ်စွဲတယ်၊ တမင်တကာ ဒါကိုလုပ်ကြတာ၊ ဖန်တီးတယ်ဆိုတာကို နားလည်ဖို့လိုတယ်

ဦးဝင်းလွင် (အငြိမ်းစားသံအမတ်ကြီး)

သတင်းအဖွဲ့

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်ပြီး ကြားနာပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည် ဆိုင်ရာတရားရုံးတွင် ပြုလုပ်လျက်ရှိသည်။

အဆိုပါကြားနာပွဲနှင့်စပ်လျဉ်း၍ အငြိမ်းစားသံအမတ်ကြီး ဦးဝင်းလွင်နှင့် မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာမြင့်သိန်းတို့၏ ပြောကြားချက်များကို ဖော်ပြ အပ်ပါသည် -

**ဦးဝင်းလွင်**
**အငြိမ်းစားသံအမတ်ကြီး**

နဂါးမင်းစစ်ဆင်ရေး စတင်ဖြစ်စဉ်ကာလတုန်းက ကျွန်တော်က နိုင်ငံခြားရေးဝန်ကြီးဌာနမှာ သက်ဆိုင်ရာဌာနကိုကိုင်တွယ်တဲ့ တာဝန်ခံဖြစ်ပါတယ်။ အဲဒီတော့ ပြည်ပကနေ တရားမဝင် ဝင်တဲ့သူတွေများလာတော့ သန်းခေါင်စာရင်း ပြန်စစ်ဆေးမှု လုပ်ကြတယ်။ ဒီလိုလုပ်တဲ့အခါ ပထမဆုံး Pilot Project ဆိုပြီး မင်္ဂလာတောင်ညွန့်မှာထင်တယ်၊ အဲဒီမှာစပြီးလုပ်တယ်၊ အဲဒီကနေ ရခိုင်ပြည်နယ် စစ်တွေအထိ သွားပြီးလုပ်တယ်။ အဲဒီလို လုပ်တဲ့အချိန်မှာ ရခိုင်ပြည်နယ်အထဲကို အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်နေကြတဲ့သူတွေက သူတို့ဆီမှာ တရားဝင်မှတ်ပုံတင်လက်မှတ်မရှိတော့ ထွက်ပြေးသွားကြတယ်။

ထွက်ပြေးကျတော့ ပထမဆုံး နိုင်ငံခြားရေးရုံးကိုလာပြီးတိုင်တော့ လူဦးရေ ၈၀၀ လောက်၊ နောင်တဖြည်းဖြည်းများလာပြီး ကြီးကြီးကျယ်ကျယ် ဖြစ်လာတယ်။ ဟိုဘက်ကလည်း သိန်းနဲ့ချီဖြစ်လာတော့ ဟိုဘက်က ဒီဘက်ကို Complain လုပ်တယ်။ နိုင်ငံတော်အစိုးရကလည်း စစ်ဆေးဖို့လုပ်တယ်၊ နှစ်ဖက်ညှိနှိုင်းရေး ဟိုဘက်ကအဖွဲ့တွေလာပြီး ဆွေးနွေးတယ်၊ နှစ်ခါသုံးခါဆွေးနွေးတယ်၊ ဒီဘက်ကလည်း နိုင်ငံခြားရေးဝန်ကြီးဦးဆောင်တဲ့ အဖွဲ့တစ်ဖွဲ့သွားတယ်၊ အဲဒီလိုပဲလုပ်တယ်၊ ဒီကိစ္စကို အတန်တန်ဆွေးနွေးပြီး မြန်မာဘက်အနေနဲ့ တို့နိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ရေချင်းမြေချင်း ဆက်စပ်နေတဲ့ နိုင်ငံလည်းဖြစ်တယ်၊ လွတ်လပ်ရေးရခါစနိုင်ငံဆိုပြီး တို့နိုင်ငံက အိမ်နီးနားချင်းထားတဲ့ မူဝါဒနဲ့အညီ တတ်အားသမျှလုပ်ပေးမယ်ဆိုပြီး ဒီဟာကို လူကြီးတွေက ပြန်လည်လက်ခံဖို့၊ ဒီမှာနေခဲ့တဲ့သူမှန်ရင် ပြန်လည်လက်ခံမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပြီး သွားပြီးစေ့စပ်ဆွေးနွေးတယ်။

ပြန်လည်လက်ခံမယ်ပြောတဲ့အခါ ဖြစ်ပုံက အဲဒီထွက်ပြေးတဲ့သူတွေကြားမှာ ခုနကပြောသလို သိန်းကျော်ရှိတယ်၊ တကယ်တမ်းပြောတဲ့အခါ မြန်မာမှတ်ပုံတင်လက်မှတ်အစစ် အမှန်တကယ် လက်ဝယ်ရှိသူက ၃၀၀၀ ကျော်ပဲရှိတယ်။ ကျန်တဲ့ဟာတွေက သူတို့ထွက်ပြေးတယ်၊ တဲတွေမီးရှို့ခံရတယ်၊ ပျောက်သွားတယ်၊ ကျန်ရစ်ခဲ့တယ်၊အဲဒီတော့ မှတ်ပုံတင်လက်မှတ်တွေ ပျောက်ဆုံးသွားတယ်ဆိုပြီး အဲဒီဆင်ခြေတွေပေးကြတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှာနေခဲ့တဲ့သူ အစစ်အမှန်ဆိုရင် လက်ခံမယ်ဆိုပြီး အမျိုးမျိုးလျှော့ပေါ့တယ်။

မှတ်ပုံတင်လက်မှတ်အစစ်ဆိုတာက ၃၀၀၀၊ အစစ်ထဲမှာမှ အစစ်တစ်မျိုး၊ မှတ်ပုံတင်လက်မှတ်ကို ခိုးလုပ်ပေးတာကတစ်မျိုး၊ အိမ်ထောင်စုကတ်ပြားအတုလုပ်ထားတာတစ်မျိုး၊ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ထဲမှာနေခဲ့တဲ့သူ ဟုတ်တယ်၊ မှန်တယ်ဆိုရင် လက်ခံခဲ့တယ်၊ အားလုံးပေါင်း တစ်သိန်းနဲ့သုံးသောင်းလား၊ လေးသောင်းလား၊ အတိအကျတော့မမှတ်မိတော့ဘူး၊ အဲဒီလောက်လက်ခံခဲ့တယ်၊ အသိအမှတ်ပြုခဲ့တယ်။ ဒီကမ္ဘာတစ်ခုလုံးမှာ မြန်မာနိုင်ငံက စောစောစီးစီး၊ ခုနစ်ခုမြောက်သော အသိအမှတ်ပြုခဲ့တဲ့နိုင်ငံ ဖြစ်ပါတယ်။ အဓိပ္ပာယ်က အိမ်နီးနားချင်းပေါ်လစီကို ကောင်းကောင်းထားချင်တယ်။ ခင်မင်ရင်းနှီးတယ်



ဦးဝင်းလွင် (အငြိမ်းစားသံအမတ်ကြီး)

ဆိုတဲ့သဘောနဲ့ လက်ခံတာ။

ဟိုကလည်း ဒါတွေအားလုံးပြန်ယူပါ၊ ဘာမှပြောမနေနဲ့၊ ပြန်ယူပါဆိုပြီး ဇွတ်ပဲပြန်ပြီးထိုးပေးခဲ့တယ်။ ဒီဘက်ကလည်း လက်ခံမယ်ဆိုတော့ လက်ခံတဲ့အခါမှာလည်း အဆင့်ဆင့်ဖြစ်တယ်၊ ရခိုင်ပြည်နယ်မှာနေရိုးမှန်ခဲ့ရင် လက်ခံမယ်ဆိုပြီး ဘာပဲဖြစ်ဖြစ် မျက်စိမှိတ်ပြီးလက်ခံတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်နိုင်ငံအိမ်နီးချင်းဖြစ်တာရယ်၊ ချစ်ကြည်ရင်းနှီးမှုကိုအကြောင်းပြုပြီး လက်ခံခဲ့ခြင်း ဖြစ်တယ်။ အဲဒီသဘောနဲ့ပါ။

အခုနောက်ဆုံးကိစ္စ။ဒါကတတိယအကြိမ်မြောက် ဖြစ်တယ်၊ ဒုတိယအကြိမ်မြောက်လည်းရှိတယ်၊ ဒီဟာကပြီးသွားပြီ။ တတိယအကြိမ်မြောက်ဖြစ်တဲ့ အခါကျတော့ မြန်မာနိုင်ငံက အိမ်နီးနားချင်းထုံးစံအတိုင်း ရခိုင်ပြည်နယ်မှာနေခဲ့တဲ့သူမှန်ခဲ့ရင် လက်ခံမယ်ဆိုပြီး အရင်တုန်းကပြောခဲ့တဲ့အတိုင်း ပြောခဲ့တယ်။ ဒါပေမဲ့ ဒီတစ်ခါမှာ ဟိုဘက်က ဒီလို မဟုတ်တော့ဘူး၊ ဟိုဘက်က ခေါင်းဆောင်က အရင်တုန်းကသူမဟုတ်တော့ဘူး၊ ဒီကလက်ခံမယ့်ဟာကို ဟိုအရင်က ပြန်ပြီးပို့လိုက်တယ်၊ ဒီတစ်ခါကျတော့ ပို့တာမဟုတ်တော့ဘူး။ ဒီပြဿနာကို ရိုးရိုးနှစ်နိုင်ငံအကြားပြဿနာထက် ကမ္ဘာ့ပြဿနာကြီးဖြစ်အောင် Internationalize လုပ်တယ်။

ဒီလို Internationalize လုပ်တော့ ဒီပြဿနာက ကမ္ဘာတစ်ခုလုံးက ချက်ချင်းဝုန်းခနဲ ချက်ချင်းသိသွားတယ်။ အိုင်တီကိုအသုံးပြုလိုက်တယ်။ အိုင်တီကိုသုံးလိုက်တာ မြန်မာနိုင်ငံခံလိုက်ရတယ်။ အိုင်တီကိုအသုံးပြုပြီး ကမ္ဘာ့ပြဿနာလုပ်ချလိုက်တယ်။ ဘယ်သူကလုပ်သလဲဆိုရင် သက်ဆိုင်ရာနိုင်ငံကလုပ်တာလား၊သက်ဆိုင်ရာနိုင်ငံရဲ့ ဘာသာတူအဖွဲ့အစည်းက လုပ်တာလားဆိုတာ ကျွန်တော်တို့ မသိဘူး။ ဒီကိစ္စကဘာမှမဟုတ်ဘူး။ ဒီကိစ္စက သေးသေးလေး၊ ဒီဘက်ကတော့ အရင်တုန်းက အတိုင်း ရိုးရိုးသားသားနဲ့ အရင်တုန်းကအတိုင်း လက်ခံခဲ့တယ်။ အဲဒီမှာ ပြန်ပြီးပို့ဖို့ဟာကို ထစ်ငေါ့နေတဲ့အပြင် ကမ္ဘာ့ခုံရုံးမှာ အဲဒီဟာကိုတင်လိုက်တာ။ တင်လိုက်တဲ့အခါမှာလည်း အကြီးအကျယ်နဲ့ ပုဒ်မအကြီးကြီးတွေ တပ်လိုက်တယ်။

အမှန်အတိုင်း ဒီဘက်မှာဖြစ်တဲ့ အရေးအခင်းမှာ ရဲတပ်ဖွဲ့ဝင်တွေကိုသတ်တယ်၊ ဒီမှာ လိုက်ပြီး ရှင်းလင်းတဲ့အဖြစ်အပျက်ကလေးပါ။ အခုက ကမ္ဘာမှာ နေရာတကာမှာ ကြားနေတယ်မလား၊



ဒေါက်တာမြင့်သိန်း (မြန်မာသမိုင်းအဖွဲ့ဝင်)

အရှေ့အလယ်ပိုင်းမှာဖြစ်နေတဲ့ သတ်ဖြတ်နေတာတွေ၊ ဗုံးချတာတွေနဲ့စာရင် ဒီဟာက သေးသေးလေးပါ။ ဘာမှမဆိုင်ဘူး။

နိုင်ငံရေးအားဖြင့်နိုင်အောင် ကျွန်တော်တို့နိုင်ငံကိုသတ်တာ။ အုပ်ချုပ်နေတဲ့အစိုးရကိုသတ်တာ၊ နိုင်ငံတော်ကိုသတ်တာ၊ ဒီလိုလုပ်လိုက်တဲ့ဟာ တစ်သက်လုံးကြိုက်ကြိုက်၊မကြိုက်ကြိုက်၊အတူတူပေါင်းသင်းနေထိုင်သွားရမယ့် နှစ်နိုင်ငံချစ်ကြည်ရေးလည်းပျက်သွားတယ်၊ တကယ်ဖြစ်နေတဲ့နိုင်ငံက တရားစွဲရေးမဟုတ်ဘဲ ဘာမှမဆိုင်တဲ့၊မြန်မာနိုင်ငံနဲ့ ဘာမှလည်းရန်မဖြစ်တဲ့၊ မသိတဲ့နိုင်ငံကနေ ကမ္ဘာ့ခုံရုံးကို သွားတင်ပြီးဖြစ်တယ်။ အဲဒီဟာက မှန်သလား၊ မှားသလား၊ သင့်သလား၊ မသင့်သလားဆိုတာ စဉ်းစားကြပါ။

သက်ဆိုင်ရာနိုင်ငံကမစွပ်စွဲဘဲ ဟိုကနေလှမ်းပြီး စွပ်စွဲတယ်၊ တမင်တကာ ဒါကိုလုပ်ကြတာ၊ ဖန်တီးတယ်ဆိုတာကို နားလည်ဖို့လိုတယ်။ ဒီဟာ ဘယ်သူနဲ့၊ ပေါ်လစီတွေနဲ့မဆိုင်ဘူး၊ ရိုးရိုးတန်းတန်း ပြောခြင်းဖြစ်တယ်။ ဖြစ်သင့်တာက သူခံရရင် သူက ပြန်ပြီးလုပ်ရမှာပါ။ သူကမလုပ်ဘဲ ဘာမှမဆိုင်တဲ့ ဘေးကလူကလုပ်တယ်။ မဆိုင်တာဆို ဟိုးအဝေးကြီးကပါ။ အဲဒီတော့ ရှေ့ကနဲ့ အခုနဲ့က ဘာကွာသလဲဆိုရင် အခုလိုဖြစ်သွားတော့ တစ်သက်လုံး ကြိုက်ကြိုက် မကြိုက်ကြိုက်လက်တွဲပြီး အိမ်နီးနားချင်း၊ ရေချင်းမြေချင်း ဆက်စပ်နေတဲ့ နိုင်ငံနှစ်ခု လက်တွဲပြီးပူးပေါင်းရမယ်။ အခုလို ကမ္ဘာကြီးဖြစ်ပျက်နေကြတဲ့အချိန် လက်တွဲလုပ်ရမှာကို ကမ္ဘာ့အဖွဲ့အစည်းတစ်ရပ်က အဲဒီဟာကိုအားမပေးဘဲ နှစ်နိုင်ငံပိုပြီးတော့ဝေးအောင်၊ ဝေးအောင်လုပ်လိုက်တယ်လို့မြင်ပါတယ်။ ရိုးရိုးအနေနဲ့မြင်တာပါ။ ဘယ်သူ့ကြောင့်မှမဟုတ်ပါဘူး။ ကမ္ဘာမှာ ပြဿနာတွေအများကြီးပါ။ အိမ်နီးနားချင်းပေါင်းလုပ်ရမယ့် အရာတွေလည်းအများကြီးပါ။ အဲဒါကို တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ချင်အောင်လုပ်တဲ့ အနေအထားလို့မြင်မိပါတယ်။

**ဒေါက်တာမြင့်သိန်း**
**မြန်မာသမိုင်းအဖွဲ့ဝင်**

ရိုဟင်ဂျာဆိုတဲ့လူမျိုးက တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ဒီလူမျိုးမရှိပါဘူး၊ ရခိုင်ရာဇဝင်မှာလည်း ဒီလူမျိုးအကြောင်းရေးထားတာမရှိဘူး၊ မြန်မာရာဇဝင်မှာလည်း ဒီလူမျိုးအကြောင်း ရေးထားတာမရှိဘူး၊ မြန်မာ့ရာဇဝင်ရဲ့ အစောပိုင်း ကာလမှာ လူမျိုးတစ်ရာ့တစ်ပါးအကြောင်း ရေးထားတဲ့စာတမ်းပေါင်း ခြောက်စောင်လောက် ရှိတယ်၊ ဒီခြောက်စောင်လောက်ထဲမှာလည်း ဒီရိုဟင်ဂျာဆိုတဲ့လူမျိုးအကြောင်း မပါပါဘူး။ ဒါဆိုရင် ဒီကိစ္စဘယ်လိုစပြီးဖြစ်လာလဲဆိုတော့ အရင်က သူတို့ကိုခေါ်တာက ရခိုင်မွတ်ဆလင်လို့ ခေါ်တယ်၊ နောက်တစ်မျိုး ဘင်္ဂါလီလို့ခေါ်တယ်၊ နောက်တစ်မျိုး စစ်တကောင်းသားလို့ခေါ်တယ်၊ တစ်ခါတစ်ခါ ခေါ်တောဆိုတဲ့ အခေါ်အဝေါ်လည်း ရှိတယ်၊ ခေါ်တောဆိုတဲ့အခေါ်အဝေါ်ဆိုရင် ၁၉၈၀ ကျော်လောက်အထိအောင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ ဒီနာမည်ကခေါ်နေဆဲပါ။ ဒီစကားလုံးက အဲဒီကာလတွေထဲမှာ မပေါ်သေးပါဘူး။ အင်္ဂလိပ်အထောက်အထားတွေရှိတယ်။

ကိုလိုနီခေတ်ကရေးတဲ့ အထောက်အထားတွေ၊ ခေတ်ပြိုင် အထောက်အထားတွေမှာလည်း ဒီနာမည်က မပါသေးပါဘူး။ ၁၈၇၂ ခုနှစ်မှာ အင်္ဂလိပ်တွေက မြန်မာနိုင်ငံကိုပထမဦးဆုံးစပြီး အောက်မြန်မာနိုင်ငံ ရခိုင်ဘက်မှာသန်းခေါင်စာရင်းစကောက်တယ်၊ သန်းခေါင်စာရင်း စကောက်တာကနေပြီးတော့ နောက်ပိုင်း ၁၈၈၁ ခုနှစ်မှာ သန်းခေါင်စာရင်း တစ်ခါ ထပ်ကောက်တယ်၊ နောက်ပိုင်း ၁၈၈၁ ခုနှစ်ကနေ ဆယ်နှစ်တစ်ခါ၊ ဆယ်နှစ်တစ်ခါ ကောက်သွားတဲ့ သန်းခေါင်စာရင်းမှာ ၁၈၉၁၊ ၁၉၀၁၊ ၁၉၁၁၊ ၁၉၂၁၊ ၁၉၃၁၊ ၁၉၄၁ အထိ၊ သူတို့ကောက်တဲ့ သန်းခေါင်စာရင်းထဲမှာ လူမျိုးပါတယ်၊ လူဦးရေပါတယ်၊ ကျားမခွဲတယ်၊ အသက်အရွယ်ခွဲတယ်၊ အဲဒီလိုခွဲတဲ့အခါမှာ တိတိကျကျ ဒီရခိုင်ပြည်နယ် သန်းခေါင်စာရင်း ကောက်တဲ့အထဲမှာ သူတို့သုံးတဲ့အသုံးအနှုန်းတွေမှာ ဘာလူမျိုးတွေတွေ့သလဲဆိုရင် ဘင်္ဂါလီနဲ့ စစ်တကောင်းသားဆိုပြီး ရေးထားပါတယ်။ နောက်တစ်ခါ ဟိန္ဒူစတန်ဆိုပြီးရေးထားတယ်၊ ဒီအင်္ဂလိပ်ဆိုတဲ့လူက သန်းခေါင်စာရင်းမှာ တိတိကျကျလူဦးရေ အဝင်အထွက်၊ ဘယ်လောက်ဝင်တယ်၊ ဘယ်လောက်ထွက်တယ် ဒီလိုသွားတာ တောင်မှပဲ သူတို့ရဲ့စကားလုံးက ဒုတိယကမ္ဘာစစ်မတိုင်ခင်အထိအောင် ဒီနာမည်မပေါ်သေးပါဘူး။ ဒီနာမည်ပေါ်တာက တော်တော်လေးကိုနောက်ကျတယ်ဆိုတဲ့သဘောပါပဲ။ နောက်တစ်ခါ ဒါနဲ့ပတ်သက်ပြီးတော့ သေချာလေ့လာထားတဲ့ပုဂ္ဂိုလ်တစ်ယောက်က ဘာရေးထားသလဲဆိုရင် အဲဒီလူက တစ်ချိန်တုန်းက ထိုင်းနိုင်ငံရယ်၊ ဗီယက်နမ်နိုင်ငံရယ်၊ လာအိုနိုင်ငံရယ်မှာ ဗြိတိသျှသံအမတ်ကြီးအဖြစ် လုပ်ခဲ့ဖူးတဲ့လူ၊ ဒီလူက ဒီလူမျိုးနဲ့ပတ်သက်ပြီးတော့ လေ့လာတဲ့အခါမှာ အိန္ဒိယနိုင်ငံမှာရှိတဲ့ သူတို့ရဲ့ဗြိတိသျှကိုလိုနီခေတ်တုန်းက အထောက်အထားတွေအကုန်လုံးကို သွားပြီးတော့ရှာတယ်။

အဲဒီလိုရှာတဲ့အခါမှာ **အစီရင်ခံစာတွေရှာတယ်၊ သန်းခေါင်စာရင်းတွေရှာတယ်၊ နောက် Report တွေရှာတယ်၊ တရားရေးစီရင်ချက်တွေမှာပါတဲ့ အထောက်အထားတွေရှာတယ်။ အဲဒီ Instruction အကုန်လုံးထဲမှာ သူရှာတဲ့အခါမှာ ဘာပြောသလဲ ဆိုတော့ သူတို့သိမ်းပိုက်အုပ်ချုပ်ထားခဲ့တဲ့ ရခိုင်မှာ နှစ်ပေါင်း ၁၂၂ ရှိခဲ့တဲ့အထဲမှာ၊ အဲဒီအထောက်အထား တွေထဲမှာ ရိုဟင်ဂျာဆိုတဲ့စကားလုံး မတွေ့ဘူးလို့ ရေးထားပါတယ်။ ဒီလူကဘယ်သူလဲဆိုရင် Derek Tonkin ဆိုတဲ့ပုဂ္ဂိုလ်ပါ။ သူကလည်း ရိုဟင်ဂျာဆိုတဲ့ စကားလုံးမတွေ့ဘူးဆိုပြီး အထောက်အထားနဲ့ ပတ်သက်ပြီး ပြောထားပါတယ်။**

စာမျက်နှာ ၁၀ သို့ ✣

❖ စာမျက်နှာ ၉ မှ

နောက်ဒီလိုပဲ ရခိုင်နဲ့ပတ်သက်ပြီးတော့ အလွန်ထင်ရှားတဲ့သုတေသီတစ်ဦးဖြစ်တဲ့ ယက်လိုင်ဒါ ဆိုတဲ့ပုဂ္ဂိုလ်တစ်ဦးက ဒီစကားလုံးက ၁၉၅၀ ပတ်ဝန်းကျင်လောက်မှ ရေပန်းစားပြီးပေါ်ပေါက်လာတဲ့စကားလုံးဖြစ်တယ်ဆိုပြီးတော့ Oxford က ထုတ်တဲ့ အာရှဆိုင်ရာထဲမှာ Encyclopedia ရေးထားတာတွေ့ရပါတယ်။ ကျွန်တော်တို့က ဒီလူမျိုးဟာ အသစ်တီထွင်တဲ့လူမျိုးဆိုတဲ့ သဘောမျိုးဆိုတာ မှန်းဆလို့ရပါတယ်။

နောက်တစ်ချက်က ဘာလဲဆိုရင် ဒီလူမျိုး ဘယ်တုန်းကပေါ်ပေါက်လာသလဲဆိုရင် ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက်ပိုင်းကျမှ ဒီနာမည် စပေါ်တာပါ။ ဒါတောင်မှပဲ ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက်ပိုင်း ဒီလူမျိုးပေါ်ပေါက်လာဖို့ အခြေခံအကြောင်းရင်းအစက ဘာကြောင့်လဲဆိုတဲ့အခါ ကျွန်တော်တို့၁၉၄၇ ခုနှစ်မှာအိန္ဒိယနိုင်ငံမှာမွတ်ဆလင်တွေက ခွဲထွက်ဖို့ကြိုးစားကြတယ်။ ကြိုးစားတဲ့အခါကြတော့ ပါကစ္စတန်နိုင်ငံဆိုပြီး သီးခြားခွဲထွက်ဖို့လုပ်တဲ့အခါမှာ ဘူးသီးတောင်၊ မောင်တောမှာရှိတဲ့ မွတ်ဆလင်တွေက အကယ်၍သာ ပါကစ္စတန်ကို ခွဲထွက်ဖို့လုပ်ခဲ့မယ်ဆိုရင် အဲဒီနိုင်ငံထဲမှာ သူတို့ပေါင်းပါရစေ၊ ပြီးတော့ အဲဒီပါကစ္စတန်ခွဲထွက်ရေးခေါင်းဆောင်ဖြစ်တဲ့ အိန္ဒိယက အလီဂျင်းနားဆိုတဲ့ ပုဂ္ဂိုလ်ဆီကိုသွားပြီး တောင်းဆိုပါတယ်။ ဒါပေမဲ့ အလီဂျင်းနားက လက်မခံပါဘူး။ အဲဒါနဲ့ပတ်သက်ပြီးတော့ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းရှိခဲ့စဉ်မှာ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဖို့အတွက် လန်ဒန်ကိုသွားတဲ့အခါမှာ အိန္ဒိယကို သူခဏဝင်တယ်။ ဝင်တဲ့အခါမှာ အိန္ဒိယဝင်ပြီးတော့ အလီဂျင်းနားနဲ့ မွတ်ဆလင်ခွဲထွက်ရေးခေါင်းဆောင်နဲ့ သွားတွေ့ပါတယ်။ တွေ့တဲ့အခါ ဒီကိစ္စပြောတဲ့အခါ ဗိုလ်ချုပ် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ စိတ်ချပါ။ ကျွန်တော်တို့ သူတစ်ပါးနိုင်ငံဒေသနဲ့ပေါင်းဖို့ ဘယ်တော့မှဆန္ဒမရှိဘူး။ အဲဒီထဲကခွဲထွက်ဖို့ကြိုးစားတဲ့သူတွေကို အားလုံးကို ဆန့်ကျင်တယ်။ ဗိုလ်ချုပ် ဒါနဲ့ပတ်သက်ပြီး ပူစရာမလိုဘူးလို့ သူကပြောလိုက်ပါတယ်။ အဲဒီလိုသွားပြီးတော့ပေါင်းဖို့ ကြိုးစားတဲ့ ဘူးသီးတောင်၊ မောင်တောမှာရှိတဲ့ မွတ်ဆလင်အဖွဲ့တွေကနောက်ဆုံးတော့ သူတို့ ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုပြီး ဒုတိယကမ္ဘာစစ်ပြီးတဲ့အခါမှာ မြန်မာပြည်ထဲမှာ သီးခြားတောင်းဆိုလို့ရမယ့်အနေအထားမျိုးကို စဉ်းစားလာကြပါတယ်။

အဲဒီမှာ ပြဿနာက ဘာဖြစ်လာသလဲဆိုတဲ့အခါ ၁၉၄၈ ခုနှစ် ကျွန်တော်တို့ လွတ်လပ်ရေးရတဲ့အခါမှာ ရခိုင်မှာရှိနေတဲ့ ရခိုင်တိုင်းရင်းသားခေါင်းဆောင်တွေကနေပြီးတော့ သီးခြားပြည်နယ်အဖြစ်နဲ့ လွတ်လပ်တဲ့ဒေသအဖြစ် တောင်းဆိုမှု စလုပ်ပါတယ်။ လုပ်လာတော့ ဘင်္ဂါလီတွေက ဘာစဉ်းစားလဲဆိုတော့ အကယ်၍သာ ရခိုင်ကို သီးခြားပြည်နယ် သီးခြားလွတ်လပ်မှုပေးလိုက်မယ်ဆိုရင် သူတို့အပေါ်မှာ ပိုပြီးဖိနှိပ်မှုတွေ များလာမှာဖြစ်တဲ့အတွက်ကြောင့် ငါတို့လည်း သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းမယ်ဆိုပြီး စပြီးကြံစည်လာတယ်။ သူတို့က ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုပြီးတော့ စပြီးစဉ်းစားလာကြတယ်။

အဲဒီစဉ်းစားတဲ့အထဲမှာ တစ်ချက်က ၁၉၄၈ ခုနှစ်လောက်က မူဂျာဟစ်ခေါင်းဆောင်ကနေပြီးတော့ သူတို့လူမျိုးတွေနဲ့ပတ်သက်ပြီးတော့ တောင်းဆိုမှုစလုပ်လာတယ်။ လုပ်လာတဲ့အခါမှာ အဲဒီ မွတ်ဆလင်လွတ်မြောက်ရေးခေါင်းဆောင်က မွတ်ဆလင်ညီလာခံမှာ သူက ဘာတောင်းဆိုသလဲဆိုတော့ သူတို့ကို ရခိုင်မွတ်ဆလင်အဖြစ်နဲ့ ပြည်နယ်ပေးဖို့ စတောင်းလာတယ်။ နောက်တစ်ခါ ၁၉၅၁ ခုနှစ်မှာထင်တယ်။ မောင်တောမှာရှိနေတဲ့ အလယ်သံကျော်ရွာမှာ မွတ်ဆလင်ညီလာခံလုပ်တဲ့အခါမှာလည်း ဘင်္ဂါလီတွေကို သီးခြားပြည်နယ်ပေးဖို့ တောင်းဆိုလာတယ်။ တောင်းလာတဲ့အခါမှာလည်း ရိုဟင်ဂျာဆိုတဲ့စကားလုံးမပါသေးဘူး။ သူတို့ကို သီးခြားပြည်နယ်ပေးပါ။ သူတို့ကိုသီးခြားဆောင်ရွက်ဖို့အတွက် ရခိုင်မွတ်ဆလင်ဆိုပြီး နာမည်ခေါ်ခွင့်ပေးပါဆိုပြီးပဲ တောင်းတာပဲလုပ်ကြတာ။

ရခိုင်မွတ်ဆလင်ဆိုတဲ့အခေါ်အဝေါ်ကို ရခိုင်တိုင်းရင်းသားတွေက မကြိုက်ကြဘူး။ ဘာလို့လဲဆိုတော့ သူတို့ရခိုင်တိုင်းရင်းသားထဲမှာ မွတ်ဆလင်မရှိဘူး၊ ဒါကြောင့်မို့ သူက အဲဒီနေရာမှာတင်လက်မခံဘူးဖြစ်ကြတာ။ ကျွန်တော်တို့က အဲဒီအချိန်တုန်းက ခေါ်ကြတာက စစ်တကောင်းသားတို့၊ ဘင်္ဂါလီတို့၊ ရခိုင်မွတ်ဆလင်တို့၊ ခေါ်တောတို့ ခေါ်ကြတဲ့အထဲမှာ သူတို့ကြိုက်တာ ရခိုင်မွတ်ဆလင်ဆိုတဲ့ဒီနာမည်ကို ကြိုက်တာ။ ဒါပေမဲ့ ရခိုင်တိုင်းရင်းသားတွေက လက်မခံဘူး။ ဒါကြောင့် နာမည်အသစ်တစ်ခု စဉ်းစားလာကြတယ်။

စဉ်းစားတဲ့အခါမှာ ၁၉၅၀ ပြည့်နှစ်လောက်မှာ ဒီနာမည်စပြီးတော့ တွင်တွင်ကျယ်ကျယ် စဖြစ်လာပြီ။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၄၈ ခုနှစ်ကျော်ကျော်လောက်မှာ ပထမဆုံးစပြီးတော့ ရွှင့်ကျ ဆိုတဲ့စကားလုံး စသုံးလာတယ်။ တစ်နေရာကနေလွှင့်လာတဲ့ဒုက္ခသည်တွေကိုပြောတာ။ နောက်ပိုင်းလွှတ်တော်ထဲမှာတက်လာတဲ့ အဗ္ဗဒူဂဖားဆိုတဲ့ ပုဂ္ဂိုလ်က ၁၉၅၀ ပြည့်နှစ်ပတ်ဝန်းကျင်လောက်မှာ လွှတ်တော်ထဲမှာပြောလာတယ်။ သူတို့လူမျိုးတွေကို ရိုဟင်ဂျာဆိုတဲ့စကားလုံး သုံးလာတယ်။ ဒီသုံးလာတာနဲ့အတူတူပဲ တစ်ချိန်တည်းမှာပဲ ဂါးဒီးယန်းသတင်းစာမှာ သူက အကျယ်တဝင့် ရိုဟင်ဂျာသမိုင်းဆိုတဲ့သဘောမျိုးနဲ့ သူကဆောင်းပါးတစ်စောင်ရေးတယ်။ အဲဒီဆောင်းပါးကို အဗ္ဗဒူဂဖားတာက ဆူဒေတန်မွတ်ဆလင်ဆိုပြီး သူကရေးတာ။ ရေးတော့ ၁၉၅၁ ခုနှစ်လောက်မှာ ဂါးဒီးယန်းသတင်းစာမှာ ပါလာပြီးတော့ ၁၉၆၀ ပြည့်နှစ် မေလလောက်ကျတော့ အမ်အေတဟီဘာသာဆိုပြီးတော့ နောက်တစ်ယောက်ကရေးတယ်။ ဒီလိုပဲ ရိုဝန်းညှာဆိုပြီးတော့ အဲဒီမှာလည်း ရိုဟင်ဂျာမဟုတ်သေးဘူး။ ရိုဝန်းညှာဆိုတဲ့လူမျိုး ဘယ်လိုပေါ်ပေါက်လာတယ်ဆိုတာ ဂါးဒီးယန်းသတင်းစာမှာ တစ်ခါရေးတယ်။

တစ်နည်းအားဖြင့် ၁၉၅၀ ကျော်လောက်မှ ဒီနာမည်က ထင်ထင်ရှားရှားစတင်ဖန်တီးလာတာ။ ဒီဟာဆိုရင် တိုင်းရင်းသားမဟုတ်တာသေချာသွားပြီ။ ဒီလူမျိုးဟာ နောက်မှ တမင်တကာဖန်တီးယူတဲ့လူမျိုးဖြစ်တယ်ဆိုတာလည်း သေချာသွားပြီ။ ၁၉၅၃ ခုနှစ် စစ်တွေမှာ သန်းခေါင်စာရင်းကောက်တဲ့အချိန်မှာ စစ်တကောင်းဘက်ကနေပြီးတော့ ဝင်လာတဲ့သူတွေကို ဘူးသီးတောင်- မောင်တောကလူတွေက အကုန်လုံးလက်ခံတယ်။ လာခိုင်းပြီးတော့ သန်းခေါင်စာရင်းထဲမှာ အတင်းထည့်ကြတယ်။ ထည့်တဲ့အခါ လူမျိုးဆိုတဲ့နေရာမှာ တချို့က ရခိုင်မွတ်ဆလင်ဆိုပြီး ထည့်တယ်၊ တချို့က ရိုဟင်ဂျာဆိုတာထည့်တယ်။

ဒါကြောင့်မို့ ကျွန်တော်တို့က သူတို့သုံးတဲ့ စကားလုံးက ဒီအနောက်တိုင်းမှာရှိတဲ့ သုတေသီပညာရှင်တွေပြောသလို ၁၉၅၀ ပတ်ဝန်းကျင်လောက်မှ စပြီးတော့ပေါ်ပေါက်လာခဲ့တာ လူမျိုးနာမည်အတုတစ်ခုဖြစ်တယ်ဆိုတာ မှန်းလို့ရတယ်။ တမင်တကာလုပ်ပြီး နိုင်ငံရေးအရ တမင်တကာဖန်တီးပြီးရယူတယ်ဆိုတာကို မှန်းဆလို့ရတယ်။

## ကျောင်းသား၊ ကျောင်းသူကလေးငယ်များအား ရုပ်ပုံပြ ပုံပြောခြင်းအစီအစဉ် ဆောင်ရွက်ပေး

**တောင်တွင်းကြီး ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်းတွင် ကျောင်းသား၊ ကျောင်းသူကလေးငယ်များအား ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းက ရုပ်ပုံပြ ပုံပြောခြင်း ဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က ကျောင်းသား၊ ကျောင်းသူကလေးငယ်များ အားလပ်သည့်အချိန်များတွင် စာကြည့်တိုက်သို့ စဉ်ဆက်မပြတ် ဝင်၊ ထွက်သွားလာကြစေရန် တိုင်းဆာ(ခ) မိုင်းသာရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ရေးသားပြုစုသည့် 'သူငယ်ချင်းကောင်း' ရုပ်ပြပုံပြင်စာအုပ်အား ရုပ်ပုံပြ ပုံပြောခြင်း ဆောင်ရွက်ပေးကာ စာအုပ်ပါ အကြောင်းအရာများအား ကျောင်းသား၊ ကျောင်းသူများနှင့် အပြန်အလှန် အမေး၊ အဖြေ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား စာဖတ် သည့် အလေ့အကျင့် ရရှိစေရန် နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်ကြစေရန် ရည်ရွယ်၍ အားလပ်သည့် အချိန်များတွင် ရုပ်ပုံပြ ပုံပြင်ဖတ်ပြခြင်းနှင့်ပုံပြင်ပြောခြင်းများ၊ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို အပတ်စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**နောင်နောင်(မိဿနိုးမြေ)**







ကလောမြို့နယ် စည်ပင်သာယာရေးဌာနပိုင် အောင်ပန်းမြို့မဈေးအတွင်း ဇန်နဝါရီ ၁၇ ရက်က စည်ပင်သာယာရေးဌာန သန့်ရှင်းရေးဝန်ထမ်းများနှင့် မြို့သန့်ရှင်းရေးကော်မတီဝန်ထမ်းများက ဈေးအတွင်းရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေမြောင်းများ ဆယ်ယူခြင်းဆောင်ရွက်ခဲ့ရာ မြို့နယ်စည်ပင်သာယာရေးဌာန ဦးစီးအရာရှိ အောင်ပန်းရုံးခွဲတာဝန်ခံ ဦးကျော်ကျော်၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(ကဆ)

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈) အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| စတာရာဘော့စ် | ၂ - ၁ | မက်ဇ် |
| နန့်တက်စ် | ၁ - ၂ | ပဲရစ် |
| ရင်းနက်စ် | ၁ - ၁ | လီဟာဗာ |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ပါးမား | ၀ - ၀ | ဂျီနိုအာ |
| ဘိုလော့ဂ်နာ | ၁ - ၂ | ဖီအိုရင်တီးနား |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| စတုဂတ် | ၁ - ၁ | ယူနီယံဘာလင် |
| အော့စ်ဘတ် | ၂ - ၂ | ဖရိုင်းဘတ် |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂) အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဝုဖ် | ၀ - ၀ | နယူးကာဆယ် |
| အက်စတွန်ဗီလာ | ၀ - ၁ | အဲဗာတန် |

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ






## သောမတ်စ်ဖရန့်ကို နည်းပြရာထူးမှ ထုတ်ပယ်ပေးရန် စပါးအသင်းထံ အသင်းပရိသတ်များ တောင်းဆို

**လန်ဒန် ဇန်နဝါရီ ၁၈**

စပါးအသင်း ပရိသတ်များသည် လက်ရှိအချိန်တွင် အသင်း၏ ရလဒ်ဆိုးများကြောင့် နည်းပြ သောမတ်စ်ဖရန့်ကို ရာထူးမှ ထုတ်ပယ်ပေးရန် အသင်းထံ တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် စပါးအသင်းသည် ဝက်စ်ဟမ်းအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြသောမတ်စ်ဖရန့်ကို ရာထူးမှ ထုတ်ပယ်ပေးရန် အသင်းပရိသတ်များက တောင်းဆိုလာခြင်းဖြစ်သည်။

နည်းပြ သောမတ်စ်ဖရန့်သည် စပါးအသင်းကို ၂၀၂၅ ခုနှစ်၊ ဇွန် ၁၂ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၃၂ ပွဲတွင် ၁၁ ပွဲနိုင်၊ ကိုးပွဲသရေ၊ ၁၂ ပွဲရှုံးဖြင့် ရလဒ်များ အလွန်ဆိုးရွားနေခဲ့သည်။

ထို့ကြောင့် စပါးအသင်း အနေဖြင့် အသင်းပရိသတ်များ တောင်းဆိုထားသည့်အတိုင်း နည်းပြ သောမတ်စ်ဖရန့်အား ရာထူးမှ ထုတ်ပယ်သွားမည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## ယခုနှစ်ဘောလုံးရာသီကုန်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ထွက်ခွာတော့မည်ဟု နည်းပြ ဂလက်စနာ အတည်ပြုပြောကြား



**လန်ဒန် ဇန်နဝါရီ ၁၈**

ခရစ္စတယ်ပဲလေ့စ်အသင်း နည်းပြ ဂလက်စနာက မိမိအနေဖြင့် ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းမှထွက်ခွာတော့မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ နည်းပြသည် ခရစ္စတယ်ပဲလေ့စ်အသင်းအား သမိုင်းတစ်လျှောက်တွင် ပထမဆုံး ဆုဖလားအဖြစ် ပြီးခဲ့သည့် ဘောလုံးရာသီက အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုကို ရယူပေးနိုင်ခဲ့သည်။

နည်းပြ ဂလက်စနာသည် ခရစ္စတယ်ပဲလေ့စ်အသင်းကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၉၅ပွဲတွင် ၄၁ ပွဲနိုင်၊ ၂၉ ပွဲသရေ၊ ၂၅ ပွဲ ရှုံးရလဒ်ပိုင်ဆိုင်ထားသည်။

အသက်(၅၁)နှစ်အရွယ်ရှိ နည်းပြ ဂလက်စနာက "ကျွန်တော် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာသွားမှာပါ။ ခရစ္စတယ်ပဲလေ့စ်အသင်းက ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ" ဟု ပြောသည်။

(အပေါ်ဝဲပုံ)(NGB)

## 2026 Adelaide International တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Tomas Machac ဆွတ်ခူး

**အဒီးလိတ် ဇန်နဝါရီ ၁၈**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Adelaide International တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ချက်တင်းနစ်ကစားသမား Tomas Machac က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ချက်တင်းနစ်ကစားသမား Tomas Machac သည် 2026 Adelaide International တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert ကို ၆-၄၊ ၆-၇၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ (အောက်ဝဲပုံ)



အသက်(၂၅)နှစ်အရွယ်ရှိ Tomas Machac က "ကျွန်တော် အခုလို 2026 Adelaide International တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် နိုင်ငံ့အတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (NGB)

## ပယ်လီယာဂျာမိန်း ဘောလုံးကစားသမားဘဝမှ အနားယူ



**ပါရီ ဇန်နဝါရီ ၁၈**

မာဆေးလ်အသင်းတိုက်စစ်မှူးဟောင်း ဗယ်လီယာဂျာမိန်းက မိမိအနေဖြင့် ဘောလုံးကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် မာဆေးလ်၊ မောင့်ပယ်လီယာ၊ နိစ်၊ မိုနာကို စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားခဲ့ပြီး အောင်မြင်မှုများလည်း ရယူနိုင်ခဲ့သည်။ (ဝဲပုံ)

အသက်(၃၅)နှစ်အရွယ်ရှိ ဗယ်လီယာဂျာမိန်းက "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ကျွန်တော် ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးတစ်ယောက်ချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ (NGB)

## ဂျိမ်းစ်ဝက်ပရောက်စ် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာသွားမည်

**လန်ဒန် ဇန်နဝါရီ ၁၈**

ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ဂျိမ်းစ်ဝက်ပရောက်စ်သည် လက်ရှိဈေးကွက်အတွင်း အသင်းမှ ထွက်ခွာသွားမည် ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဘန်လေအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ဂျိမ်းစ်ဝက်ပရောက်စ်သည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၃ ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ဘန်လေအသင်း အနေဖြင့် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာမည်ဖြစ်သော ဂျိမ်းစ်ဝက်ပရောက်စ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)(NGB)



## ဘောလုံးသတင်း အတိုအထွာများ

* နယ်သာလန်လက်ရွေးစင်အသင်းသည် အသင်းလက်ထောက်နည်းပြအဖြစ် နစ္စတယ်ရှိုင်းကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

* ချဲလ်ဆီးအသင်းသည် ဘုန်းမောက်အသင်းကစားသမား မာကို့စ်ဆန်စီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (NGB)

## ဟာလန် ရိုးမားအသင်းတွင် ကျောနံပါတ် (၁၄)ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇန်နဝါရီ ၁၈**

တိုက်စစ်မှူး မာလန်သည် ရိုးမားအသင်းတွင် ကျောနံပါတ် (၁၄)ဂျာစီကို ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။ (ယာပုံ)




အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် အက်စတွန်ဗီလာအသင်းမှ ရိုးမားအသင်းသို့ အငှားပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး မာလန်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၆ ပွဲ ကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရိုးမားအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ မာလန်က "ကျွန်တော် ရိုးမားအသင်းမှာ ကျောနံပါတ် (၁၄) ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ လည်းရယူသွားမှာပါ" ဟု ပြောသည်။ (NGB)

## တီနိုလစ်ဗရာမန်တို ပေါင်ခြံဒဏ်ရာကြောင့် နှစ်လခန့် အနားယူရမည်

**လန်ဒန် ဇန်နဝါရီ ၁၈**

နယူးကာဆယ်အသင်း နောက်ခံကစားသမား တီနိုလစ်ဗရာမန်တိုသည် ပေါင်ခြံဒဏ်ရာကြောင့် နှစ်လခန့် အနားယူရမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် အင်္ဂလိပ်အက်ဖ်အေဖလားပွဲစဉ်အဖြစ် နယူးကာဆယ်အသင်းက ဘုန်းမောက်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား တီနိုလစ်ဗရာမန်တိုသည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နယူးကာဆယ်အသင်းအတွက် ကြီးမားသည့် ထိုးနက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမား တီနိုလစ်ဗရာမန်တိုသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၆ ပွဲကစားပြီး တစ်ဂိုးသွင်းယူထားသည်။

(အောက်ပုံ)(NGB)



### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၀) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၁-၂၀၂၆<br>နံနက်၀၂:၃၀နာရီ | (၁၀)အယ်လ်ချီ –<br>(W,W,L,D,L) | ဆီဗီလာ(၁၆)<br>(W,L,L,L,L) | အယ်လ်ချီ ၁-၁ ဆီဗီလာ<br>ဆီဗီလာ ၃-၀ အယ်လ်ချီ (၂၄-၂၅) |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၁-၂၀၂၆<br>နံနက်၀၂:၃၀နာရီ | (၁၀)ဘရိုက်တန် –<br>(L,D,W,D,W) | ဘုန်းမောက်(၁၅)<br>(L,D,L,W,L) | ဘရိုက်တန် ၂-၁ ဘုန်းမောက်<br>ဘုန်းမောက် ၁-၂ ဘရိုက်တန် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၁-၂၀၂၆<br>နံနက်၀၀:၀၀နာရီ | (၁၃)ဥဒီနိုနီစ် –<br>(D,L,L,D,L) | ဗီရိုနာ(၂၀)<br>(L,L,D,L,L) | ဥဒီနိုနီစ် ၁-၁ ဗီရိုနာ<br>ဗီရိုနာ ၂-၀ ဥဒီနိုနီစ် (၂၄-၂၅) |
| ၂၀-၁-၂၀၂၆<br>နံနက်၀၂:၄၅နာရီ | (၉)လာဇီယို –<br>(D,D,L,D,W) | ကိုမို(၆)<br>(W,W,W,D,L) | လာဇီယို ၁-၁ ကိုမို<br>ကိုမို ၁-၅ လာဇီယို |

# အင်ဒိုနီးရှားက ၂၀၂၆ တွင် ဆန်တင်သွင်းမှု ရပ်ဆိုင်းပြီး မြန်မာနိုင်ငံမှ ဆန်ကွဲတစ်မျိုးတည်း တင်သွင်းနေ



အင်ဒိုနီးရှားနိုင်ငံက ပြည်တွင်း ဆန်ထုတ်လုပ်မှုကို လုံလောက်သောကြောင့် ၂၀၂၆ ခုနှစ်တွင် ဆန်တင်သွင်းမှုကို ရပ်ဆိုင်းသွားမည်ဖြစ်သော်လည်း မြန်မာနိုင်ငံမှ ဆန်ကွဲတစ်မျိုးတည်းသာ တင်သွင်းနေခြင်းဖြစ်ကြောင်း အစိုးရဌာနများမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ယင်းဆုံးဖြတ်ချက်ကို အစားအသောက်လုံခြုံရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်း အေဂျင်စီများမှ ထိပ်သီးခေါင်းဆောင်များ တက်ရောက်ခဲ့သော ဝန်ကြီးများအဆင့် ညှိနှိုင်းအစည်းအဝေး ကျင်းပမှုအပြီးမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Tatang Yuliono က အင်ဒိုနီးရှားနိုင်ငံက အိမ်ထောင်စုများအတွက် စားသုံးရန်နှင့် စက်ရုံသုံးအတွက် လိုအပ်သည့် ဆန်များကို ပြည်တွင်း ထုတ်လုပ်မှုများဖြင့် လုံလောက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အင်ဒိုနီးရှား အစိုးရက စက်မှုဝန်ကြီးဌာနမှ တောင်းဆိုထားသည့်၂၀၂၆ ခုနှစ်မှာ ဆန်တန်ချိန် ၃၈၁၀၀၀ တင်သွင်းခွင့်ကို ပယ်ဖျက်လိုက်ပြီး ၄င်းက ပြည်တွင်းထွက်ရှိမှုများနှင့်လုံလောက်သောကြောင့်ဟု ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံက ဆန်တင်သွင်းမှု ပိတ်ပင်ခြင်းမူဝါဒကို နိုင်ငံတစ်ဝန်း ကျင့်သုံးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

အစိုးရဌာနများမှ ထုတ်ပြန်သည့် အချက်အလက်များအရ ၂၀၂၅ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံက ဆန်ထုတ်လုပ်မှုတန်ချိန် ၃၄ ဒသမ ၇၇ သန်းတန်ခန့် ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် ၁၃ ဒသမ ၅၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ဆန်ကွဲတစ်မျိုးတည်းကို တင်သွင်းနေပြီး ဧပြီလမှ ဒီဇင်ဘာလအထိ ဆန်ကွဲတန်ချိန် ၁၉၆၁၅၄ တန် တင်သွင်းထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

**ရွှေမန်း**



# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၃၉)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ (၃၉) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို တပို့တွဲလဆန်း ၁ ရက် နံနက် ၄ နာရီခွဲက သိပ္ပံလမ်းနှင့် ၆၈ လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ခရမ်းသီးနှပ်၊ ဆီးဖြူသီးသုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်း ၁၀ စုံနှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀၀၀ တို့ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်း ထည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ ဝက်သားအလှူရှင် ဦးမျိုးဝင်း+ဒေါ်အိအိချော (ကောင်းထက်မဟာမိသားစု၊ ကာဇာတိုင်းပြည်မိသားစုများ)၊ ဦးအောင်သန်းလှိုင်+ဒေါ်နီနီဝင်းမိသားစု၊ ဦးရုံးရွှေ+ဒေါ်မိုးသန္တာအောင်(ရွှေသစ်ပင်ဟိုတယ်မိသားစု)၊ ဦးသာအေး+ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့် သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်းမိသားစု၊ ဦးချိန်စီ+ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ မောင်ကျော်သက်ဦးနှင့်မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်လွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး(ပန်တော်ဦး အမျိုးသမီးအဆောင်မိသားစု)၊ ရပ်ကွက်နေပြည်သူများ၊ ဘုံဆွမ်းလောင်းအသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ) (ဝ၄၀)

# ပြည်တွင်း၌ ဝယ်ယူမှုကောင်းမွန်ခြင်းကြောင့် ကြက်မည်းတစ်နိုင်တစ်ပိုင် မွေးမြူသူများလာ

**မန္တလေး ဇန်နဝါရီ ၁၈**

ပြည်တွင်းစားသုံးသူနှင့် မွေးမြူသူများ ဝယ်ယူမှုကောင်းမွန်ခြင်းကြောင့် ကြက်မည်းတစ်နိုင်တစ်ပိုင်မွေးမြူသူ များလာကြောင်း ကြက်မည်းမွေးမြူသူများထံမှ သိရသည်။

ကြက်မည်းများကို ယူနန်ကြက်မည်း(မျိုးသန့်) မျိုးဥတစ်လုံးလျှင် ငွေကျပ် ၃၀၀၀၊ မီးလွှတ်အကောင်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၃၅၀၀၀၊ အင်ဒို-ယူနန် မျိုးစပ်ကြက်မည်းဥတစ်လုံးလျှင် ငွေကျပ် ၂၅၀၀ ကျော်၊ အကောင်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၃၀၀၀၀-၄၀၀၀၀ ဝန်းကျင်ခန့် ရှိပြီး အခြား ကြက်မည်းအမျိုးအစားများရှိကာ ဈေးနှုန်းတူညီမှုမရှိကြောင်း သိရသည်။

“ကြက်မည်းက (မျိုးသန့်) ပေါ်မူတည်ပြီး ရောင်းချကြတာဖြစ်တဲ့အတွက် ဈေးနှုန်းက တစ်သမတ်တည်းမရှိပါဘူး။ ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ်နဲ့သာ အရောင်းအဝယ် ပြုလုပ်ကြပါတယ်။ ကြက်မှာရှိတဲ့ အရေပြား၊ နှုတ်သီး၊ လျှာ၊ အသား၊ အရိုးနဲ့ ကလီစာမည်းတဲ့အပေါ် မူတည်ပြီးတော့လည်း ဈေးနှုန်းကွာခြားမှုရှိပါတယ်။ မျိုးဥရော၊ မီးလွှတ်တဲ့အကောင်ရော ဈေးနှုန်းကရောင်းတဲ့သူပေါ် မူတည်ပြီး ကွာခြားပါတယ်”ဟု ကြက်မည်း မွေးမြူရောင်းချသူ တစ်ဦးက ပြောသည်။

ကြက်မည်းမွေးမြူရာတွင် သေချာပြုစုကျွေးမွေးရပြီး ဈေးနှုန်းမြင့်မားခြင်းကြောင့် တခြားကြက်မျိုးများနှင့်မတူဘဲ ဂရုတစိုက် မွေးမြူကြရကြောင်း၊ စနစ်တကျ မွေးမြူသည့်ပုံစံ၊ မျိုးအရည်အသွေးပေါ်မူတည်ပြီး ဈေးကောင်း ရရှိသဖြင့် မွေးမြူသူများမှ စနစ်တကျ မွေးမြူကြရန် လိုအပ်သည်။ **(အောက်ပုံ)**

ကြက်မည်းမျိုးများအဖြစ် ယူနန်၊ အင်ဒို၊ မျိုးစပ်ကြက်မည်း၊ ကူဝိုင်လာ ကြက်မျိုး စသည်ဖြင့် ကြက်မည်းအမျိုးအစား အမျိုးမျိုးရှိပြီး မြန်မာနိုင်ငံအတွင်း၌ ကူဝိုင်လာကြက်မျိုးများကို ဝယ်ယူမှုများပြားကြောင်း၊ ဈေးကွက်အတွင်းတွင် ကူဝိုင်လာမီးလွှတ်အကောင်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၃၀၀၀၊ ကူဝိုင်လာ ခုနစ်လသား မျိုးကြက်တစ်စုံလျှင် ငွေကျပ် တစ်သိန်းခွဲရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**



# RBF စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကသဲစုကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း RBF စီမံကိန်းဖြင့် နို့ပေးနွားမွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့ လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကသဲစုကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် စိန်ရွှေတိုးအဖွဲ့၊ တိုးတက်အောင်ဖွဲ့၊ အောင်မြင်ချမ်းသာအဖွဲ့နှင့် အောင်မြင်ကြသူများအဖွဲ့ လေးဖွဲ့မှ နို့ပေးနွားမွေးမြူရေးလုပ်ငန်း သတ်မှတ်အကောင်ရေပြည့်မီခြင်းရှိ၊ မရှိနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း RBF နှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ RBF စီမံကိန်း ခွင့်ပြုငွေကျပ်သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီး ရရှိစေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ RBF စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

**အောင်ရဲကျော်**

# လက်ရှိဘဏ္ဍာနှစ် ကိုးလတာ ကာလအတွင်း ပြည်ပသို့ ငါး မက်ထရစ်တန် နှစ်သိန်းကျော် တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ငါးမက်ထရစ်တန်နှစ်သိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီ ၁ ရက် မှ ဒီဇင်ဘာ ၃၁ရက်အထိ ကိုးလတာ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၁၁၃၅၁၃ ဒသမ ၈၂၇ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၇၇ ဒသမ ၅၅၁ သန်းရရှိခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၁၁၄၂၄၂ ဒသမ ၇၄တန် တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၁၀၁ ဒသမ ၃၆၈ သန်းရရှိသည့်အတွက် စုစုပေါင်း ငါးမက်ထရစ်တန် ၂၂၇၇၅၆ ဒသမ ၅၆၇ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၉၁၉ သန်း ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ငါးအပါအဝင် တခြားရေထွက်ကုန်များလည်း တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ရေထွက်ကုန်တင်ပို့မှုမှ မက်ထရစ်တန် ၃၂၅၇၁၉ ဒသမ ၁၂၉ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန်နိုင်ငံ စသည့်နိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



## မေတ္တာစံအိမ် ပရဟိတဖောင်ဒေးရှင်း(၁၀)နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၈**

မေတ္တာစံအိမ်ပရဟိတဖောင်ဒေးရှင်း(၁၀)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်ရှိ အောင်မြင်ခြင်းဟိုတယ်တွင် ကျင်းပသည်။



အစီအစဉ်အရ မေတ္တာစံအိမ်ပရဟိတ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်ချောအိသီတာက အမှာစကားနှင့် ကျေးဇူးတင်စကားပြောကြားပြီး မိတ်ဖက်အဖွဲ့အစည်းဝင်များက တေးသီချင်းများ ဖျော်ဖြေခြင်း၊ မိတ်ဖက်အဖွဲ့အစည်းမှ အဖွဲ့ဝင်များအား ကံစမ်းမဲဖောက်ပေးခြင်းများ ပြုလုပ်ကြသည်။

အခမ်းအနားသို့ မေတ္တာစံအိမ်ပရဟိတဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ အသင်းဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းဝင်များ၊ ပါဝင်ကူညီပေးကြသည့် လုပ်ငန်းရှင်များ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။ **(အောက်ဝဲပုံ)**

အဆိုပါမေတ္တာစံအိမ်ပရဟိတဖောင်ဒေးရှင်းအနေဖြင့် ၁၀ နှစ်တာကာလအတွင်း သင်တန်းအမျိုးပေါင်း ၅၀ ကျော်ဖြင့် သင်တန်းသူ ၆၀၀၀ ကျော်အား အခမဲ့သင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် အမျိုးသမီးဆံပင်၊ မိတ်ကပ်၊ အလှပြင်သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**(ဝ၉၃)**

## ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး) မောင်မယ်သစ်လွင် ကြိုဆို

**ပုသိမ်ကြီး ဇန်နဝါရီ ၁၈**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်ရှိ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး)၌ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက မြတ်ရတနာခန်းမတွင် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ကျင်းပရာ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်ဝင်းစိန် (ပူးတွဲတာဝန်)၊ ဆေးနှင့်ဆေးနီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အဆိုပါတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ပါမောက္ခဒေါက်တာလင်းထက်မြင့်၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)သို့ တက်ရောက်ခွင့်ရသည့် ပထမနှစ်သင်တန်းကျောင်းသား၊ ကျောင်းသူများကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ တက္ကသိုလ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက မောင်မယ်သစ်လွင် ကြိုဆိုပွဲတွင် တိုင်းရင်းသားရိုးရာ အက၊ အဆို၊ တေးသရုပ်ဖော်အက၊ မောင်မယ်ရွေးချယ်ခြင်း စသည်တို့ဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး တက္ကသိုလ်၏ (King)၊ (Queen) ဆုရရှိသူများကို ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလင်းထက်မြင့်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြသည်။

အခမ်းအနားသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၅၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**စာနည်းကိုကို(ပြန်/ဆက်)**





## ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့သူများ မီးရှို့ခြင်းကင်းရှင်းကြောင်း ထောက်ခံချက်ပြရမည်

ထိုင်းနိုင်ငံကို တိရစ္ဆာန်အစာ ပြောင်း တင်ပို့သူများအနေဖြင့် မီးရှို့ခြင်းကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် တင်ပြရမည်ဖြစ်ကြောင်း ထိုင်းအစိုးရအဖွဲ့၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ Ms. Airin Phanrit က ပြောသည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ စတင်အသက်ဝင်သည့် တိရစ္ဆာန်အစာ ပြောင်းနှင့် ဂျုံ တင်သွင်းမှုဆိုင်ရာ စည်းမျဉ်းလေးခုကို ထိုင်းအစိုးရ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်တွင်ရှိသည့် နိုင်ငံခြားကုန်သွယ်ရေးဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တိရစ္ဆာန်အစာအတွက် အသုံးပြုရန် တင်သွင်းလာသည့် ပြောင်းဖူးများကို စိုက်ပျိုးစဉ်ကာလအတွင်း မီးရှို့ခြင်းမပြုသည့် ထုတ်လုပ်မှုဧရိယာများ သို့မဟုတ် လယ်ယာလုပ်ငန်းခွင်များကနေ တင်သွင်းရန် လိုအပ်သည်။

နယ်စပ်ဖြတ်ကျော် မီးခိုးမြူနဲ့ PM2.5 ညစ်ညမ်းမှုကို လျှော့ချရန် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးကို ပံ့ပိုးရန်နှင့် ကမ္ဘာ့ကုန်သွယ်ရေး ခေတ်ရေစီးကြောင်းနှင့်အညီ စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက် စံနှုန်းများကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ထားသည်။

ပြောင်းတင်သွင်းသူများအနေဖြင့် မီးရှို့ခြင်းမပြုလုပ်ရန်ဆိုသည့် လိုအပ်ချက်နှင့် ကိုက်ညီကြောင်း သက်သေပြရန် ထုတ်လုပ်မှုရင်းမြစ်အချက်အလက်များနှင့် အထောက်အပံ့ အထောက်အထားများကို ပြင်ဆင်ရမည်ဖြစ်ပြီး ခြေရာခံ စစ်ဆေးမှုများအတွက် သက်ဆိုင်ရာအချက်အလက်များနှင့် စာရွက်စာတမ်းများကို ငါးနှစ်ကြာ သိမ်းဆည်းထားရမည် ဖြစ်သည်။

မြန်မာနိုင်ငံမှာ ပြောင်းစိုက်ဧက နှစ်သန်းကျော်ရှိပြီး တန်ချိန်သုံးသန်းကျော် ထွက်ရှိပါတယ်။ ပြည်တွင်းသုံးစွဲမှုအနေနဲ့ ပြောင်းတန်ချိန် တစ်သန်းခန့်ရှိပြီး နှစ်စဉ် ပြည်ပကို တန်ချိန် နှစ်သန်းကျော် တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှ သိရသည်။

၂၀၂၅ ခုနှစ်အတွင်း ထိုင်းနိုင်ငံကို မြန်မာနိုင်ငံမှ ပြောင်းဆန် တန်ချိန် ၁ ဒသမ ၂ သန်းကျော်၊ တန်ဖိုးအားဖြင့် ဘတ် ၁၂ ဒသမ ၁၁၇ ဘီလီယံဖိုး တင်ပို့ခဲ့ကြောင်း ထိုင်းအကောက်ခွန်ဌာန၏ အချက်အလက်များအရ သိရသည်။

ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ ခုနှစ်လတာအတွင်း တစ်လလျှင် ပျမ်းမျှ ၁၁၆၈၂၂ တန်မှ ၂၉၄၂၄၃ တန်အထိ တင်ပို့နိုင်ခဲ့ပြီး ဆိပ်ကမ်းအရောက်တန်ဖိုး (CIF) ပျမ်းမျှတစ်တန်ကို ၉၄၈၅ ဘတ်မှ ၁၀၀၅၆ ဘတ်အကြား ဈေးရရှိခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်**

**(စိုက်ပျိုးရေးသတင်းထောက်)**

## နွေစပါး ဧက ၁၆၀ ကျော် လျာထားစိုက်ပျိုးမည်

**ကျွန်းလှ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စပါးအပြင် သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ် နွေစပါး ဧက ၁၆၀ကျော် စိုက်ပျိုးရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ယခုနှစ် နွေရာသီ စပါးစိုက်ပျိုးဖို့ ၁၆၆ ဧကလျာထားပါတယ်။ စိုက်ပျိုးရာမှာ သဖန်းဆိပ်ဆည်ရေ၊ ဘိုယားတမံဆည်ရေနဲ့ ချောင်းရေ၊ မြေအောက်ရေတင်ပြီး စိုက်ပျိုးကြပါတယ်။ အရင်နှစ်နွေရာသီမှာ စပါး ၂၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တောင်သူတွေ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ နွေစပါးစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် သက်တမ်းတို မျိုးကောင်းမျိုးသန့်စပါးမျိုးများ ရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများကို ကွင်းဆင်း အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၈၀)**



## လျှော်ပြီးနောက် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့ ပူးပေါင်း၍ ငလျင်ပြီးနောက် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဟောပြောပွဲကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင် ဦးမိုးကြည်ဖြူက ငလျင်နှင့် သဘာဝဘေးကြောင့် လုပ်ငန်းများ ထိခိုက်မှုကဏ္ဍများ၊ ငလျင်မဖြစ်မီ ကြိုတင်ပြင်ဆင်ခြင်း၊ ငလျင်လှုပ်နေချိန် ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

ဟောပြောပွဲသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းအမှုဆောင်များ၊ အသင်းဝင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (ဝ၄၅)**

## အီလက်ထရောနစ် မဲပေးစက်အကြောင်း အသိပညာပေးဆောင်ရွက်

**ပုသိမ်ကြီး ဇန်နဝါရီ ၁၈**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်)၌ MEVM အီလက်ထရောနစ် မဲပေးစက်အကြောင်း အသိပညာပေးဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါရုံးချုပ်ရှိ စန္ဒကူးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်သီဟက ရွေးကောက်ပွဲဆိုင်ရာနှင့် မဲပေးစက်အကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယဦးစီးမှူး ဦးဇင်ကိုလင်းက MEVM မဲပေးစက်အကြောင်း အပြည့်အစုံအား ရှင်းလင်းပြောကြား၍ တက်ရောက်လာသည့် ဝန်ထမ်းများကို လက်တွေ့စမ်းသပ်မဲပေးစေခဲ့ပြီး



မဲပေးမှုရလဒ်ထွက်ပေါ်ခြင်း အခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (ဝ၉၅)**

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



### ဆင်နှာမောင်းပင်

ဆင်နှာမောင်းပင်ဟာ နေရာအနှံ့အပြားမှာ အလေ့ကျပေါက်တဲ့အပင်ဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်တဲ့ ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်ပါတယ်။

ကျောက်ကပ်ရောဂါကြောင့် ခြေလက်တွေ ဖောရောင်တာ၊ ဆီးကျောက်တည်တာတွေ အတွက် အထူးကောင်းမွန်ပါတယ်။

အဆုတ်ရောင်တာ (သို့မဟုတ်) အဆုတ်ထဲမှာ ပြည်တည်တာတွေအတွက်လည်း အသုံးပြုနိုင်ပါတယ်။

နားကိုက်နေတယ်ဆိုရင် ဆင်နှာမောင်းပင်ရဲ့ အရွက်ကိုထောင်းပြီး ရလာတဲ့ အရည်ကို ဝွမ်းနဲ့ တို့ပြီး နားထဲထည့်ပေးရင် နားကိုက်တာ ပျောက်ကင်းစေပါတယ်။

မျက်စိနာရင် အရွက်ကိုထောင်းပြီး မျက်စိပေါ်မှာ အုံပေးထားရင် သက်သာပျောက်ကင်းစေပါတယ်။

ဆင်နှာမောင်းပင်ကို အမြစ်ကနေ နုတ်ယူပါ။ ရေစင်အောင်ဆေးပြီး ရေနှင့် ၁၅ မိနစ်ခန့်ပြုတ်ပါ။ ရလာတဲ့ဆေးရည်ကို နံနက် တစ်ခွက်၊ ညတစ်ခွက် (အစားမစားမီ)သောက်ပေးပါက အထက်ပါရောဂါများကို ပျောက်ကင်းစေပါတယ်။



### ဆီးသီး

**၁။ အစာခြေစနစ်ကို ကူညီပေးတယ်။**

အမျှင်ဓာတ်ကြွယ်ဝပြီး အူလမ်းကြောင်းလှုပ်ရှားမှုကို ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။ သဘာဝအချိုဓာတ်ဖြစ်သော ဆော်ဘီတော် ပါဝင်ပြီး အူတွင်း ရေစုပ်ယူမှုကို တိုးစေကာ ဝမ်းပျော့စေပါတယ်။

**၂။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာ ပါဝင်တယ်။**

ဗီတာမင်စီ၊ ဖီနော်လစ်အက်စစ်၊ ဘီတာကယ်ရိုတင်းနဲ့ အခြားဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်ပြီး ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုကို လျော့ကျစေပါတယ်။ ဆဲလ်ပျက်စီးမှုနဲ့ နာတာရှည်ရောဂါများကို ကာကွယ်ပေးနိုင်ပါတယ်။

**၃။ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးတယ်။**

အမျှင်ဓာတ်ကြွယ်ဝသဖြင့် သွေးတွင်းသကြားဓာတ်တက်နှုန်းကို နှေးကွေးစေပြီး ဆီးချိုရောဂါရှိသူများအတွက် အထောက်အကူပြုပါတယ်။

**၄။ နှလုံးကို အထောက်အကူပြုတယ်။**

ပိုတက်စီယမ်ဓာတ်ကြွယ်ဝပြီး သွေးပေါင်ချိန်ကို ထိန်းညှိပေးကာ နှလုံးရောဂါဖြစ်နိုင်ခြေကို လျော့ကျစေပါတယ်။ အမျှင်ဓာတ်ဟာ သွေးတွင်းကိုလက်စထရောကို လျော့ကျစေနိုင်ပါတယ်။

**၅။ အရိုးကျန်းမာရေးအတွက် ကောင်းတယ်။**

ဗီတာမင်ကေ၊ ကယ်လ်စီယမ်နဲ့ မဂ္ဂနီစီယမ်တို့ ပါဝင်ပြီး အရိုးသိပ်သည်းဆကို ထိန်းသိမ်းပေးကာ အရိုးပွရောဂါကို ကာကွယ်ပေးပါတယ်။

**၆။ ကိုယ်အလေးချိန်ကျစေတယ်။**

အမျှင်ဓာတ်များပြီး ကယ်လိုရီနည်းသောကြောင့် ဗိုက်ပြည့်တင်းစေကာ အစာစားချင်စိတ်ကို ထိန်းချုပ်ပေးသဖြင့် ကိုယ်အလေးချိန် ကျစေပါတယ်။

**၇။ အရေပြားနဲ့ ဆံသားကျန်းမာရေးကောင်းတယ်။**

ဗီတာမင်စီနဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက ကော်လာဂျင်ထုတ်လုပ်မှုကို အားပေးပြီး အရေပြားတင်းရင်းမှုကို ထိန်းသိမ်းပေးကာ ဆံသားကို ကောင်းမွန်စေပါတယ်။

### သတိပြုရန်

ဆီးသီးကို အလွန်အကျွံစားသုံးပါက အမျှင်ဓာတ်နဲ့ ဆော်ဘီတော်ကြောင့် ဗိုက်အောင့်ခြင်း၊ လေပွခြင်းများ ဖြစ်နိုင်ပါတယ်။ ကျောက်ကပ်ရောဂါရှိသူများအနေဖြင့် ပိုတက်စီယမ်ဓာတ်များနိုင်သောကြောင့် ဆရာဝန်နဲ့ တိုင်ပင်ပြီးမှ စားသင့်ပါတယ်။



### ကီဝီသီး

ကီဝီသီးမှာ ဗီတာမင်စီ၊ အင်န်တီအောက်ဆီးဒင့်နဲ့ အမျှင်ဓာတ်တွေ များစွာပါဝင်တဲ့အတွက် ကျန်းမာရေးအတွက် အကျိုးပြုပါတယ်။

ဗီတာမင်စီက ကော်လာဂျင်ထုတ်လုပ်မှုမှာလည်းပါဝင်တဲ့အပြင် ဒဏ်ရာအနာများကို အသားနုတက်တာမြန်စေပါတယ်။ ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိရှိတဲ့ ဗီတာမင်အီးနဲ့ Tocopherol ပါတဲ့အတွက် အရေပြားနေလောင်ဒဏ်ရာဖြစ်မှုနဲ့ အခြားအရေပြားဆိုင်ရာရောဂါများဖြစ်မှုကို ကူညီကာကွယ်ပေးပါတယ်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်း Serotonin ပါတဲ့အတွက် ကောင်းစွာ အိပ်ပျော်စေပါတယ်။ ဖိုက်ဘာ၊ ပိုတက်စီယမ်နဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါတဲ့အတွက် နှလုံးကျန်းမာရေးကို အထောက်အကူပြုပါတယ်။

ပိုတက်စီယမ်က သွေးကြောများကို ဖြေလျှော့ပေးခြင်းဖြင့် သွေးဖိအားကို ထိန်းပေးရာမှာ ကူညီပေးပါတယ်။ သွေးဖိအားနည်းသူများမှာ နှလုံးရောဂါဖြစ်နိုင်ခြေ နည်းပါတယ်။

ပိုတက်စီယမ် များများစားသုံးခြင်းဖြင့် ကျောက်ကပ်မှာ ကျောက်တည်ခြင်းကို ကာကွယ်ပေးပါတယ်။

ကီဝီသီးက ရောင်ရမ်းတာကို လျော့ကျစေပါတယ်။ ဝမ်းမှန်စေပါတယ်။ ဖောလိတ်ပါတဲ့အတွက် ကိုယ်ဝန်ဆောင်မိခင်လောင်းများ စားသုံးသင့်ပါတယ်။

ဗီတာမင်ကေ၊ ကယ်လ်စီယမ်နဲ့ ဖော့စပေါရပ်ပါတဲ့အတွက် အရိုးကျန်းမာရေးကို ကောင်းမွန်စေပါတယ်။ ဗီတာမင်ကေက အရိုးပါးခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ သွေးခဲခြင်းမဖြစ်အောင်လည်း အရေးကြီးတဲ့လုပ်ဆောင်မှုကို ပြုလုပ်ပေးပါတယ်။

ဗီတာမင်စီ၊ Choline, Lutein နဲ့ Zeaxanthin စတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်တဲ့အတွက် ဓာတ်တိုးခြင်းကြောင့် ဆဲလ်များပျက်စီးမှုဖြစ်တာကို ကူညီဖယ်ရှားပေးပါတယ်။

ခန္ဓာကိုယ်မှာ ဇီဝဖက်လည်ပတ်မှုနဲ့ အခြားလုပ်ဆောင်မှုများကြောင့် Free Radicals များ ထုတ်ပါတယ်။ အဆိုပါ Free Radicals များ သိပ်များလာတဲ့အခါမှာ ဓာတ်တိုးပြီး ဆဲလ်များကို ပျက်စီးစေတဲ့အတွက် နှလုံးရောဂါနဲ့ ကင်ဆာရောဂါများ ဖြစ်စေပါတယ်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက Free Radicals များကို ဖယ်ရှားပေးကာ ခန္ဓာကိုယ်ကို ကာကွယ်ပေးပါတယ်။

အစာခြေဖျက်မှုကောင်းစေပါတယ်။ အမျှင်ဓာတ်ကြွယ်ဝတဲ့အတွက် အစာခြေဖျက်ရာမှာ ကူညီပြီး အူလမ်းကြောင်းကျန်းမာရေးကို တိုးတက်စေပါတယ်။

ကီဝီသီးမှာတွေ့ရတဲ့ Actinidin Enzyme က ပရိုတင်းခြေဖျက်ရာမှာ ကူညီပြီး အစာကြေညက်မှုကို ကောင်းစေပါတယ်။



### သဖန်းသီး

ဝမ်းမှန်ချင်သူများအတွက် သဖန်းသီးက အကောင်းဆုံးဖြစ်ပါတယ်။ အမျှင်ဓာတ်(ဖိုက်ဘာ) ကြွယ်ဝသောကြောင့် အူလမ်းကြောင်းကို သန့်စင်ပေးပြီး ဝမ်းကို အလွယ်တကူသွားစေပါတယ်။ ဗိုက်ရစ်ပြီး နာတာမျိုးလည်း မရှိပါဘူး။

အစာစားပြီးနောက် ရင်ပြည့်၊ ရင်ကယ်ဖြစ်တတ်ရင် သဖန်းသီးကို ရေနွေးနဲ့ပြုတ်ပြီး အဲ့ဒီအရည်နွေးနွေးလေးကို သောက်ပေးပါ။ ဗိုက်ထဲက လေတွေပွင့်ပြီး နေလို့ထိုင်လို့ကောင်းသွားပါလိမ့်မယ်။

သဖန်းသီးကိုစားသုံးခြင်းဖြင့် ခန္ဓာကိုယ်ကို အတွင်းပိုင်းကနေ အားဖြည့်ပေးလို့ အသားမပပ်၊ အသားမခြောက်ဘဲ ကျန်းမာတဲ့အသားအရေကို ပိုင်ဆိုင်စေပါတယ်။

သက်ကြီးပိုင်းတွေအတွက် အချိုစာတွေ၊ ဂျုံမှုန့်တွေအစား သဖန်းသီးကိုစားပေးရင် အဆစ်အမြစ်လှုပ်ရှားရတာ ပိုမိုပေါ့ပါးသွက်လက်စေပါတယ်။

သဖန်းသီးကို လတ်လတ်ဆတ်ဆတ်စားပါ။ အစိမ်းနုရောင်ကနေ အဝါဘက်သန်းနေတဲ့ အသီးမှည့်ကို ရွေးပါ။ အသားပျော့ပြီး ဖန်ခါးတာမရှိတဲ့ အသီးက စားလို့အကောင်းဆုံးပါ။ အသီးမှည့်ကို ဆားနဲ့ တို့စားနိုင်ပါတယ်။ သဖန်းသီးစိမ်းကို ဆားရည်စိမ်ပြီး ငါးပိရည်နဲ့ တို့စားရင်လည်း ထမင်းမြိန်စေသလို ဝမ်းကိုလည်း မှန်စေပါတယ်။

### ပန်းဂေါ်ဖီစိမ်း

ပန်းဂေါ်ဖီစိမ်းဟာ အာဟာရဓာတ်များ ကြွယ်ဝပြီး ကယ်လိုရီနည်းပါးကာ အမျှင်ဓာတ်များစွာ ပါဝင်ပါတယ်။ ဗီတာမင်နဲ့ သတ္တုဓာတ်များစွာ ပါဝင်ပါတယ်။



ကိုယ်ခံအားစနစ်အထောက်အကူပြု ဗီတာမင်ကေ၊ အရိုးနဲ့ သွေးကျန်းမာရေး ဖောလိတ်(ဆဲလ်ကြီးထွားမှု)၊ ပိုတက်ဆီယမ်(နှလုံးနဲ့ ကြွက်သားလုပ်ဆောင်ချက်)၊ အစာခြေစနစ်၊ နှလုံးကျန်းမာရေး သွေးတွင်းသကြားဓာတ်ထိန်းချုပ်မှုကို ကူညီပေးပြီး ရောင်ရမ်းမှုကို လျှော့ချပေးပါတယ်။

အမျှင်ဓာတ်မြင့်မားစွာပါဝင်ပါတယ်။ အူလမ်းကြောင်းရှိ အကျိုးပြု ဘက်တီးရီးယားများကို ထောက်ပံ့ပေးပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။

Gulosinolates နဲ့ Isothiocyanates ကဲ့သို့သော အင်န်တီအောက်ဆီးဒင့်များပါဝင်သောကြောင့် ဆဲလ်များပျက်စီးမှုမှ ကာကွယ်ပေးပြီး နှလုံးရောဂါနဲ့ အချို့သောကင်ဆာများကဲ့သို့သော နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။

ပန်းဂေါ်ဖီစိမ်းဟာ ဗိုက်ပြည့်စေမယ့် ကာဗိုဟိုက်ဒရိတ်နဲ့ ကယ်လိုရီနည်းသောကြောင့် ကိုယ်အလေးချိန်လျှော့ချဖို့နဲ့ ဆီးချိုရောဂါအတွက် အထူးကောင်းမွန်ပါတယ်။



### လိမ္မော်သီး

လိမ္မော်သီးဟာ ဗီတာမင်စီ ကြွယ်ဝသော အသီးတစ်မျိုးဖြစ်ပြီး ကျန်းမာရေးအတွက် အောက်ပါအကျိုးကျေးဇူးများကို ပေးစွမ်းနိုင်ပါတယ်။

**၁။ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးတယ်။**

ဗီတာမင်စီ အမြောက်အမြား ပါဝင်သောကြောင့် အအေးမိနဲ့ နှာစေးခြင်းမှ ကာကွယ်ပေးပြီး ကိုယ်ခံအားကို ကောင်းမွန်စေပါတယ်။

**၂။ အသားအရေကို လှပစေတယ်။**

ကော်လာဂျင်ထုတ်လုပ်မှုကို ကူညီပေးသောကြောင့် အရေးအကြောင်းများကို လျှော့ပါးစေပြီး အသားအရေကို ကြည်လင်တောက်ပစေပါတယ်။

**၃။ နှလုံးကျန်းမာရေးကို လျှော့ချပေးတယ်။**

ပိုတက်စီယမ်နဲ့ အမျှင်ဓာတ်များ ပါဝင်သောကြောင့် သွေးတိုးကျစေပြီး နှလုံးရောဂါဖြစ်ပွားမှုကို လျှော့ချပေးပါတယ်။

**၄။ အစာခြေစနစ်ကို ကောင်းမွန်စေတယ်။**

အမျှင်ဓာတ်(ဖိုက်ဘာ)ကြွယ်ဝစွာ ပါဝင်သောကြောင့် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။

**၅။ အမြင်အာရုံကို ကောင်းမွန်စေတယ်။**

ဗီတာမင်အေ ပါဝင်မှုကြောင့် မျက်စိအမြင်အာရုံကို ကောင်းမွန်စေပါတယ်။


### သတိပြုရန်

လိမ္မော်သီးမှာ အက်စစ်ဓာတ် ပါဝင်သောကြောင့် အစာအိမ်ရောဂါရှိသူများ အလွန်အကျွံစားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား – Tik Tok

# တရုတ်-ကနေဒါ ဆက်ဆံရေး တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လာခြင်းကို ဝန်ကြီးချုပ် ကာနေနှင့်တွေ့ဆုံစဉ် သမ္မတရှီကျင့်ဖျင် ထောက်ခံပြောကြား



**ပေကျင်း ဇန်နဝါရီ ၁၈**

ကနေဒါဝန်ကြီးချုပ် ကာနေ၏ ရှစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံသို့ လေးရက်ကြာတရားဝင်ခရီးစဉ် ယမန်နေ့က ပြီးဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်းနှင့်တွေ့ဆုံစဉ် တရုတ်-ကနေဒါဆက်ဆံရေး တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နှစ်နိုင်ငံစလုံး၏ ဘုံအကျိုးစီးပွားကို အထောက်အကူပြုစေရုံသာမက ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက်ပါ အကျိုးပြုစေသည်ဟု တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။

နှစ်ဖက်စလုံး အနေဖြင့် သမိုင်း၊ ပြည်သူနှင့် ကမ္ဘာကြီးအပေါ်တာဝန်သိစိတ်ရှိရှိဖြင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအသစ်တည်ဆောက်မှုကိုမြှင့်တင်သင့်ပြီး တရုတ်-ကနေဒါဆက်ဆံရေးကို ကောင်းမွန်တည်ငြိမ်၍ ရေရှည်တည်တံ့သော လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန် ဦးဆောင်သွားသင့်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

တရုတ်နှင့် ကနေဒါနိုင်ငံတို့သည် နိုင်ငံအခြေအနေချင်း မတူညီကြသော်လည်း တစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို တစ်နိုင်ငံက အပြန်အလှန်လေးစားသင့်ကြောင်း၊ ထို့အပြင် နိုင်ငံရေးစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း ရွေးချယ်မှုများကိုလည်း လေးစားကာ အပြန်အလှန်ဆက်ဆံရာတွင် မှန်ကန်သောချဉ်းကပ်မှုမျိုးကျင့်သုံးသင့်ကြောင်း သမ္မတရှီကထောက်ပြပြောဆိုသည်။

နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံမှုများသည် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ဝိသေသလက္ခဏာများရှိနေပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်ဖက်စလုံးအကျိုးရှိနိုင်မည်ဖြစ်ရာ တရုတ်နိုင်ငံ၏ အရည်အသွေးမြင့်မားသော ဖွံ့ဖြိုးတိုးတက်မှုနှင့် မြင့်မားသောစံနှုန်းများဖြင့် လမ်းဖွင့်ပေးမှုများသည် တရုတ် - ကနေဒါ ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းသစ်များကို အစဉ်တစိုက် ပွင့်လန်းစေမည်ဟုလည်း ၎င်းက ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ



## ဥရောပသမဂ္ဂနှင့် တောင်အမေရိက အရာရှိများတွေ့ဆုံ လွတ်လပ်သောကုန်သွယ်မှုစာချုပ် လက်မှတ်ရေးထိုး

**အဆွန်စီယွန် ဇန်နဝါရီ ၁၈**

ဥရောပသမဂ္ဂနှင့် တောင်အမေရိကအရာရှိများသည် အခွန်တိုးမြှင့်မည့် ခြိမ်းခြောက်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပေါ် မရေရာမှုများ မြင့်တက်နေချိန်တွင် ဥရောပသမဂ္ဂ၏ အကြီးမားဆုံးသော ကုန်သွယ်ရေး သဘောတူညီချက်ဖြစ်လာမည့် လွတ်လပ်သောကုန်သွယ်မှုစာချုပ်ကို ယမန်နေ့က လက်မှတ်ရေးထိုးလိုက်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အဖွဲ့ဝင် ၂၇ နိုင်ငံပါဝင်သော ဥရောပသမဂ္ဂနှင့် တောင်အမေရိက၏ မာကိုဆာအုပ်စုတို့အကြား ၂၅ နှစ်ကြာညှိနှိုင်းခဲ့ရသည့် အဆိုပါသဘောတူညီချက်ကို စနေနေ့တွင် အပြီးသတ်နိုင်ခဲ့ပြီး ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုနယ်မြေများထဲမှ တစ်ခုကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒေသနှစ်ခုအကြား အခွန်နှုန်းထားများလျှော့ချရန်နှင့် ကုန်သွယ်မှု မြှင့်တင်ရန် ရည်ရွယ်သည့် ယင်းသဘောတူညီချက်သည် ယခုအခါ ဥရောပပါလီမန်၏ သဘောတူညီချက်ကို ရယူရမည်ဖြစ်ပြီး မာကိုဆာအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အာဂျင်တီးနား၊ ဘရာဇီး၊ ပါရာဂွေးနှင့် ဥရုဂွေးနိုင်ငံတို့၏ လွှတ်တော်များတွင် အတည်ပြုချက် ရယူရမည်ဖြစ်သည်။

ပါရာဂွေးနိုင်ငံ မြို့တော်အဆွန်စီယွန်တွင် ပြုလုပ်သည့် လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ ဥရောပသမဂ္ဂ အကြီးအကဲ အာဆူလာ ဗွန်ဒါလီယန်က မိမိတို့သည် အခွန်တိုးမြှင့်ခြင်းထက် တရားမျှတသော ကုန်သွယ်မှုကို ရွေးချယ်ကြောင်းနှင့် သီးခြားခွဲထွက်နေခြင်းထက် ရေရှည်ဖြစ်ထွန်းမည့် မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းကို ရွေးချယ်ကြောင်း ပြောကြားခဲ့သည်။

ပါရာဂွေးသမ္မတ ဆန်တီယာဂိုပီနာကလည်း တင်းမာမှုများဖြစ်ပေါ်နေသည့် ကမ္ဘာ့အခြေအနေတွင် ဤစာချုပ်သည် နိုင်ငံတကာကုန်သွယ်မှုကိုလိုလားသည့် ရှင်းလင်းသော အချက်ပြမှုတစ်ရပ်ဖြစ်သည်ဟု ချီးကျူးပြောဆိုခဲ့ကြောင်း သိရသည်။ **Mon**



## ပလော်ရီဒါပြည်နယ်၊ ကိပ်ကာနာဗရယ်ရှိ ပစ်လွှတ်စင်သို့ အမေရိကန်အာကာသအေဂျင်စီ ၏ ဒုံးပျံကြီးကို ရွှေ့ပြောင်းလိုက်ပြီ

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း လသို့ လူလိုက်ပါမည့် ပထမဆုံးအာကာသခရီးစဉ်အတွက် နောက်ဆုံးအဆင့်ပြင်ဆင်မှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ရာ အမေရိကန်အာကာသအေဂျင်စီ၏ ဒုံးပျံကြီးကို ဖလော်ရီဒါပြည်နယ်၊ ကိပ်ကာနာဗရယ်ရှိ ပစ်လွှတ်စင်သို့ ရွှေ့ပြောင်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

အမြင့် ၉၈ မီတာရှိသော ဒုံးပျံကြီးကို ဒုံးပျံတပ်ဆင်ရေး အဆောက်အအုံမှ ၄ မိုင်(၆ ဒသမ ၅ ကီလိုမီတာ) ကွာဝေးသော ပစ်လွှတ်စင်သို့ မတ်တတ်အနေအထားဖြင့် ၁၂ နာရီနီးပါး ကြာ ရွှေ့ပြောင်းခဲ့ရသည်။

ယခုအခါ ဒုံးပျံသည် ပစ်လွှတ်မည့်နေရာသို့ ရောက်ရှိနေပြီဖြစ်သဖြင့် အာကာသယာဉ်မှူးလေးဦး လကမ္ဘာကိုပတ်၍ ပျံသန်းမည့် ၁၀ ရက်ကြာ အာတီမစ်-၂ ခရီးစဉ်အတွက် ခွင့်ပြုချက်မရမီ နောက်ဆုံးအဆင့် စမ်းသပ်စစ်ဆေးမှုများနှင့် ဖာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါဒုံးပျံကို အစောဆုံးအနေဖြင့် ဖေဖော်ဝါရီလ ၆ ရက်တွင် ပစ်လွှတ်နိုင်မည်ဖြစ်သော်လည်း ထိုလနှောင်းပိုင်းအပြင် မတ်လနှင့် ဧပြီလများတွင်လည်း ပစ်လွှတ်နိုင်မည့် အခွင့်အလမ်းများရှိနေကြောင်း နာဆာက ပြောကြားထားကြောင်း သိရသည်။ **Mon**

## ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးယိုးမြို့၌ ရဟတ်ယာဉ်ပျက်ကျ၊ ယာဉ်ပေါ်ပါသူအားလုံး သေဆုံး

**ဆောပိုလို ဇန်နဝါရီ ၁၈**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးယိုးမြို့၌ ဇန်နဝါရီ ၁၇ ရက်က သစ်တောဇရိယာအတွင်း ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွားသဖြင့် ရဟတ်ယာဉ်ပေါ်ပါသူ သုံးဦးလုံး သေဆုံးသွားကြောင်း မြို့မီးသတ်ဌာနက ပြောကြားသည်။

အဆိုပါ ရဟတ်ယာဉ်သည် မြို့၏အနောက်ဘက်အစွန် ဂွါရာတီဘာဒေသ၌ ပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မီးသတ်သမားများက အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးသူများကို ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ကနဦး သတင်းများအရ ပုဂ္ဂလိကပိုင် အဆိုပါရဟတ်ယာဉ်သည် အနီးနားဒေသတစ်ခုမှ ထွက်ခွာသွားခဲ့စဉ် ပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **Mon**



## ဩစတြီးယားနိုင်ငံ အယ်လ်ပ်တောင်တန်းဒေသတွင် နှင်းလျှောစီးကွင်းပြင်၌ နှင်းထုပြိုကျမှု နှစ်ကြိမ်ဖြစ်ပွား

**ဗီယင်နာ ဇန်နဝါရီ ၁၈**

ဩစတြီးယားနိုင်ငံ အယ်လ်ပ်တောင်တန်းဒေသတွင် နှင်းများ အလွန်အကျွံကျဆင်းပြီးနောက် နှင်းလျှောစီးကွင်းပြင်၌ နှင်းထုပြိုကျမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ နှင်းလျှောစီးသူ ငါးဦး သေဆုံးသွားခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ဆာလ်ဇ်ဘာ့ဂ်မြို့အနီး ပွန်ဂါအူးဒေသတွင် ယမန်နေ့က နှင်းလျှောစီးသူ ခုနစ်ဦးပါဝင်သောအဖွဲ့တစ်ဖွဲ့ပေါ်သို့ နှင်းထုပြိုကျခဲ့သဖြင့် လေးဦးသေဆုံးကာ တစ်ဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံတောင်တက်ကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောကြားသည်။

ထိုနေ့ အစောပိုင်းကလည်း အဆိုပါဒေသ၌ပင် အလားတူ နှင်းထုပြိုကျမှုကြောင့် နှင်းလျှောစီးသူတစ်ဦး သေဆုံးခဲ့သည်။

လွန်ခဲ့သည့် တစ်ပတ်အတွင်း အယ်လ်ပ်တောင်တန်းဒေသ၌ ရာသီဥတုဆိုးရွားမှုကြောင့် လူအများအပြား သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်များတွင် သေဆုံးသူလေးဦးကို တွေ့ရှိခဲ့ပြီး အခြားတစ်ဦးမှာ ပြင်းထန်သော ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



STOP AIDS

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀)တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၆)အတွင်းမှ အနောက်ဘက်ခြမ်း ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ဖြူဖြူအောင်(၉/ပကခ(နိုင်)၀၀၅၀၅၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**(တရားလွှတ်တော်ရှေ့နေ) (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၇၀၀၀၇ ၊ ၀၉-၇၉၂၀၇၀၀၀၇ ၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၇)တွင်တည်ရှိသော ဦးပိုင်အမှတ်(၄၉)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ တစ်ထပ်အိမ်အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ခေါန်ဆိုင်းဂျာ(၁၃/မဆတ (နိုင်)၀၄၆၇၁၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**(တရားလွှတ်တော်ရှေ့နေ) (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၇၀၀၀၇ ၊ ၀၉-၇၉၂၀၇၀၀၀၇ ၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၂)တွင် တည်ရှိသော ဦးပိုင်အမှတ်(၅၄)အတွင်းမှ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်(မီးမီတာ)အပါအဝင် မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးဟန်တင်(ခ)ဦးဟံတင်(CZ-၀၃၈၈၁၆၆/ထဝန(နိုင်)၀၂၆၃၀၂)၊ ဒေါ်ခင်အေး(၆/ထဝန(နိုင်)၀၂၆၃၀၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**(တရားလွှတ်တော်ရှေ့နေ) (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၇၀၀၀၇ ၊ ၀၉-၇၉၂၀၇၀၀၀၇ ၊ ၀၉-၄၃၂၅၀၀၀၀**

## မကလျာ(၉/မဟမ(နိုင်)၀၃၃၆၇၅)နှင့် ပတ်သက်၍ အများသိစေရန် ကြော်ငြာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်(၆၉၇)နေ အဘ- (ဦးဘိုကျောင်း)နှင့် အမိ-ဒေါ်အမာကြည်(ဘ)ဦးလှတင်(၉/မရတ(နိုင်)၀၇၃၃၉၂)တို့၏သမီးဖြစ်သူ မကလျာ(၉/မဟမ(နိုင်)၀၃၃၆၇၅)သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိဘ၏ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ခြင်းများကြောင့် သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေးအစရှိသည့် ကိစ္စအဝဝကို(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မိမိတို့နှင့်(လုံးဝ)သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စန်းစန်းမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (၀၉-၄၀၂၆၅၅၃၇၇)**

## မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၈)၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိသော ဒေါ်နန်းကစ် အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ(၁)ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးထွန်းအောင်ကျော်(ဘ)ဦးချစ်ဆိုင်(၅/ဝလန(နိုင်)၁၀၀၅၉၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၉၀၀)အတွင်းရှိ အိမ်အမှတ်(၁၂-၁၃/၇၁)၊ အရှေ့အနောက် ပေ(၂၀)၊ တောင်မြောက် ပေ(၃၀)အကျယ်အဝန်းရှိ မြေကွက်အား ဒေါ်နီနီဝင်း(ဘ)ဦးသာဌေး(၉/မကန(နိုင်)၀၉၂၂၉၁)မှ အရောင်းအဝယ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့်ပတ်သက်၍ ဒေါ်နီနီဝင်း တစ်ဦးတည်းသာ ယနေ့အချိန်ထိ လက်ရှိလက်ရောက်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ကြောင်း၊ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ပူးတွဲပိုင်ဆိုင်ထားခြင်းမရှိပါကြောင်း၊ ခင်ပွန်းဟောင်းဖြစ်သူ ဦးဇော်ဝင်း(ခ)ဦးမိုးထက်ယံ(၉/မဟမ(နိုင်)၀၀၈၇၄၄)နှင့်လည်း ပိုင်ဆိုင်မှုများခွဲဝေရယူပြီးဖြစ်သဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ခင်ပွန်းဟောင်းနှင့်လည်း လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းများဖြင့် အလွဲသုံးစားပြုလုပ်ခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်မှုများ တွေ့ရှိခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီနီဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စုမွန်ဝင်း (LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၄၀၆)၊ သံလျက်မော်အရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၃၃၂၂၈၊ ၀၉-၉၆၄၀၆၃၂၂၈၊ ၀၉-၇၅၃၈၆၀၆၁၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၅)၊ ဦးပိုင်အမှတ်(၄၂+၅၉)၊ မြေဧရိယာ(၀ ဒသမ ၀၆၂+ ၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးဘိုရှိန် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါအကွက်အမှတ်(နန-၅၅)၊ ဦးပိုင်အမှတ်(၄၂)၊ မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ မြေကွက်၏(တောင်ဘက်ခြမ်း)၊ အရှေ့အနောက် (၄၅ ပေ)၊ တောင်မြောက်(ပေ ၃၀)အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ကြူကြူမာ(ဘ)ဦးကျော်ပိုင်(၉/နထက(နိုင်)၁၆၉၀၄၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသက်နိုင်စိုး(LL.B) တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၂)၊ ဦးပိုင်အမှတ်(၄၈-က)၊ မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်စုစုလှိုင် အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့်တကွ ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးနန်းဦး(ဘ)ဦးတင်မြင့်(၉/နထက(နိုင်)၁၃၃၀၅၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသက်နိုင်စိုး(LL.B) တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် အပိုင်း(၂)၊ အကွက်အမှတ်(န-၂)၊ ဦးပိုင်အမှတ်(၅၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ယခင်က ဦးအောင်ဖေ အမည်ပေါက်ပိုင်ဆိုင်သော ဂရန်မြေကွက်ဖြစ်ပြီး ယခုအခါ ဒေါ်သက်ရှည် အမည်ပေါက်ပိုင်ဆိုင်သော ဂရန်မြေကွက်ဖြစ်ပါသည်။ ဦးအောင်ဖေမှာ လွန်ခဲ့သော နှစ်ပေါင်း(၁၀)နှစ်ခန့်က ကွယ်လွန်သွားပြီဖြစ်ပါသည်။ ဦးအောင်ဖေနှင့် ဒေါ်သက်ရှည်တို့မှာ တရားဝင် အကြင်လင်မယား ဖြစ်ကြပါသည်။ ၎င်းတို့ ဇနီးမောင်နှံတွင် သား၊ သမီး(၅)ဦး မွေးဖွားခဲ့ပြီး၊ ထိုသား၊ သမီးများအနက် (၂)ဦးမှာ ကွယ်လွန်သွားခဲ့ကြပြီး ဒေါ်ခင်ဆွေဦး၊ ဒေါ်ခင်ဆွေထူး၊ ဦးချစ်ကိုကိုနှင့် ဒေါ်အေးမြဇင်၊ ဒေါ်အေးပြည့်မွန်တို့မှာ သက်ရှိထင်ရှားလျက်ရှိပါသည်။ ၎င်းတို့မောင်နှမများမှာ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည့် လူမျိုးများဖြစ်သည့်အတွက် ကျန်ရစ်သူ မိခင် ဒေါ်သက်ရှည်အပါအဝင် ကျန်သား၊ သမီးများသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ကြပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ထံ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ အခြားမည်သည့်အကြောင်းအရာ တစ်စုံတစ်ရာမျှ ပြုလုပ်ထားခြင်း လုံးဝ(လုံးဝ) မရှိပါ။ အကယ်၍ ထိုသို့ ပြုလုပ်ခဲ့သည်ကို တွေ့ရှိပါက ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းရတီမိုးမြင့်(ခ)ဒေါ်စိုးစိုးသန်း (LL,B; D.B.L, D.I.L; DL 101 E, W.I.P.O, Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၄၄၂)**
**Ph; 09-428871115, မန္တလေးမြို့ ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၉)၊ ဦးပိုင်နံပါတ်(၁၂၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဟန်ထွန်းဦး (၉/မနမ(နိုင်)၁၂၀၃၈၃) အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါ မြေကွက်ထဲမှ အနောက်ဘက်အစွန်ဆုံးအခြမ်း (၁၀ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ်ခွဲ အဆောက်အအုံ(ရေ + မီး အပါအဝင်) ၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ချမ်းမို့မို့(ဘ)ဦးစိုးကြည်(၉/မဟမ(နိုင်)၀၂၂၀၇၄)ထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော်ဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
(ဗဗ–၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၄၃၁၈၅၉၁၀

## အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာရပ်ကွက်၊ အကွက်အမှတ်(အ)၊ ဦးပိုင်နံပါတ်(၁၂+၂၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅ + ၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၄၀ × ၃၀) အကျယ်အဝန်းစီရှိ မြေကွက်များမှာ ဒေါ်မြင့်မြင့်စန်း(ဘ)ဦးနာဆင်(၉/မမန(နိုင်)၀၂၇၃၉၄) အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်များဖြစ်ပါသည်။ အထက်ပါ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ (၁)ထပ်အိမ်(ရေ + မီး အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်အဲမွန်ကို(ဘ)ဦးကိုကိုလေး (၉/ခအစ(နိုင်)၀၀၃၆၃၄)ထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော်ဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
(ဗဗ–၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၄၃၁၈၅၉၁၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၈)၊ ဦးပိုင်နံပါတ်(၃၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဇော်ခင်(ဘ)ဦးထွန်းဝေ(၅/ကဘလ(နိုင်)၀၈၉၈၃၉)နှင့် ဒေါ်စန်းကြည်တို့ အမည်များဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း ပေ(၂၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်(ရေ + မီး အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးကျော်သီလ(ဘ)ဦးတင်ဝင်း(၅/ကလထ(နိုင်)၀၀၀၃၀၇) [၎င်း၏ကိုယ်စား မိတ်ဆွေဖြစ်သူ ဦးကျော်နိုင်အောင်(ဘ)ဦးအောင်ခင်(၁၂/ဥကတ(နိုင်)၁၀၃၇၅၂)]ထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော်ဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
(ဗဗ–၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၄၃၁၈၅၉၁၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၉)၊ ဦးပိုင်နံပါတ်(၁၁၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးကျော်သောင်း၊ ဦးနိုင်ဦး(ခ)ဦးနိုင်ဝင်းတို့ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀)ထဲမှ မြောက်ဘက်ပိုင်း (၁၅ ပေ × ပေ ၂၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်နိုင်ဦး(ဘ)ဦးစန်းလွင်(၉/ခမန(နိုင်)၂၀၃၂၈၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၉)၊ ဦးပိုင်နံပါတ်(၅၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးသာတင့်နှင့် ဦးဉာဏ်ခင်တို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးချမ်းမေ(ဘ)ဦးတင်လှ(၉/ခမစ(နိုင်)၀၅၈၅၃၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၃)၊ ဦးပိုင်အမှတ်(၅၀)၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်သည် ဦးလှကောင်း အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ဝင်းဝင်းနိုင်(ဘ)ဦးမောင်လှ (၉/မကန(နိုင်)၀၇၈၆၁၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန–၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (ဓ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၁၁၈၅၆၁**

## ကြော်ငြာစာ(အိမ်ဖျက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနာမဟီရပ်ကွက်၊ အကွက်(၆၄၁)၊ ဦးပိုင်အမှတ်(၉၇)၊ မြေကွက်ပေါ်တွင် ဒေါ်မီမီထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၀၅၅၇၀)က SS(၁)ထပ် + နံကပ် (၁)ထပ် အဆောက်အအုံ ဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဖျက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်(၆၁၃)၊ ဦးပိုင်အမှတ်(၁၄-က)၊ မြေကွက်ပေါ်တွင် ဒေါ်သန်းနု နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၅၅၅၅၅)က နံကပ်(၂)ထပ် အဆောက်အအုံဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဖျက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်(၇၄၀)၊ ဦးပိုင်အမှတ်(၃-သ)၊ မြေကွက်ပေါ်တွင် ဦးမောင်မောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/တမန(နိုင်)၀၀၆၀၈၅)က RC (၂)ထပ် အဆောက်အအုံဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၆)၊ ဦးပိုင်အမှတ်(၂၉-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကျော်ဆွေ(ဘ)ဦးဘတင်း(၉/မနမ(နိုင်)၀၂၃၈၈၆)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်လင်းအေး(ဘ)ဦးခင်မောင်အေး(၁၂/ဒဂတ(နိုင်)၀၀၁၅၁၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A(Hist),H.G.P | LL.B | B.Sc.PGDL |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဌ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၆)၊ ဦးပိုင်အမှတ်(၁၀၄)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်သင်းသင်းနု(၉/ပဘန(နိုင်)၁၄၆၄၇၃)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလွင်ကိုကိုကျော်(ဘ)ဦးကျော်(၉/စကန(နိုင်)၀၈၇၁၇၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A(Hist),H.G.P | LL.B | B.Sc.PGDL |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေ၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဗဗ-၃)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအေးကြူအမည်ပေါက်လျက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံအပါအဝင် မြေပေါ်မြေအောက်ဆက်လက်နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် တရားဝင်လက်ထိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အားချန်း(ဘ)ဦးချိန်ဖုဆင်း(၁၃/ကခန(နိုင်)၀၈၂၃၁၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနိုင်လင်းထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ခ-၂/၄၀)၊ ၆၆အေလမ်း၊ လမ်း၄၀နှင့် ၄၀ ဘီလမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၈၁၀၇၅၊ ၀၉-၇၇၇၇၇၆၂၆၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွား၊ အကွက်(၁၁)နေ ဒေါ်စန်းစန်းလွင်၏သားဖြစ်သူ မောင်ရန်နိုင်မိုး(၉/အမဇ(နိုင်)၀၈၁၀၈၉)သည် မိခင်၏ပြောဆိုဆုံးမမှုကို မနာခံပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို မိခင်မှတာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဒေါ်စန်းစန်းလွင်**
**(၁၃/တကန(နိုင်)၀၁၂၄၂၇)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၂)၊ ဦးပိုင်အမှတ်(၈၇-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၈)ဧက အကျယ်အဝန်းရှိ ဦးဝင်းနိုင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုးအဆောက်အအုံ၊ လျှပ်စစ်မီတာ၊ ရေမီတာအပါအဝင် ဝင်းခြံအကာအရံပေါက်ရောက်သစ်ပင်တို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်အိအိနွယ်(ဘ)ဦးလီရင်ချွင်း(၉/မကန(နိုင်)၁၂၈၈၉၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၆၅/၂)၊ ဦးပိုင်အမှတ်(၁-ဈ)၊ ဧရိယာ(၀ ဒသမ ၅၆၃၃)ဧက အကျယ်အဝန်းရှိ Doctor's Condo Company Limited Company Registration No.139196120 အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင်တို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ် ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော Doctor's Condo Company Limited ၏ ကိုယ်စား ဦးစိုးဝဏ္ဏ(ဘ) ဦးလှိုင်ယွန်ဆိမ်း(ခ)သန်းမြင့်(၁၃/ကခန(နိုင်) ၀၅၂၃၀၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(တတ-၂၇)၊ ဦးပိုင်အမှတ်(၄၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဗိုလ်ကြီးမြသန်း(ဘ)ဦးဝင်းထွန်း(၁၃/ရစန(နိုင်)၀၀၄၀၆၅)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရုံးရွှေ(ဘ)ဦးညွန့်ဖေ(၁/မညန(နိုင်)၁၃၉၄၉၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A(Hist),H.G.P | LL.B | B.Sc.PGDL |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်ယဉ်ယဉ်အမည်ဖြင့် တိုးချဲ့မြို့ကွက်သစ် မြေနေရာချထားပေးခြင်း ခံရသည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ အရှေ့ဘက်ခြမ်း(၂၀×၆၀)ရှိ အဆောက်အအုံပါ မြေကွက်၏ ပိုင်ဆိုင်မှု လွှဲပြောင်းရောင်းချစီမံပိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချလိုကြောင်း ဦးအောင်ကျော်စိုး(၉/ပသက(နိုင်)၀၇၄၄၁၁)၏ ကမ်းလှမ်းပြောဆိုမှုကို ယုံကြည်၍ ကျွန်တော်၏မိတ်ဆွေဖြစ်သူသည် နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ မြေကွက်၏ လွှဲပြောင်းမှုပြုခြင်း၊ အရောင်းအဝယ်စာချုပ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက လွှဲပြောင်းဝယ်ယူသူ/ကြော်ငြာသူ၏ အကျိုးအတွက် အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဒေါ်ဘောက်ရာ | ဦးကျော်ဇင်ထက်(LL.B, D.B.L)တရားလွှတ်တော်ရှေ့နေ |
| (၁/မစန(နိုင်)၀၀၁၂၁၄) | အကွက်ဦးပိုင်အမှတ်(၄၁၅/N-၃, ၁၇၂)၊ ညောင်ကွဲရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၃၈၅၇၄၁၇၊ ၀၉-၇၅၇၅၅၂၄၉၂ |

## သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်အမှတ်(၈၃၇)၊ ရှမ်းပွဲရပ်၊ အိမ်အမှတ်(၆၅၃/၁၂)နေ ဦးအောင်မိုး+ဒေါ်သင်းသင်းနွယ်တို့၏ သားများဖြစ်ကြသော မောင်သန့်ဇင်အောင်(၉/မဟမ(နိုင်)၀၅၄၈၇၄)နှင့် မောင်အောင်မျိုးမြင့်(၉/မဟမ(နိုင်)၀၅၄၈၇၅)တို့သည် မိဘများ၏ ဆိုဆုံးမမှုကို မနာယူဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းကြောင့် သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းတို့နှင့်ပတ်သက်သော မည်သည့်ကိစ္စ(လူမှုရေး၊ စီးပွားရေး၊ ငွေကြေးကိစ္စ)အဝဝကိုမဆို ကျွန်ုပ်တို့မိဘများက လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးအောင်မိုး+ဒေါ်သင်းသင်းနွယ်**

❖ MSME လုပ်ငန်းများ၏ရည်ရွယ်ချက်မှာ ပြည်ပသွင်းကုန် အစားထိုးရန်၊ နိုင်ငံ့စီးပွားရေးကို အားပေးရန်၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ပြီး ပြည်ပကိုတင်ပို့ကာ နိုင်ငံခြားငွေရှာဖွေနိုင်ရန်ဖြစ်...

( ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅) တွင် ပြောကြားသောအမှာစကားမှကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မြန်မာနိုင်ငံက တီမောလက်စ်တေ၏ အာဆီယံပဋိညာဉ်နှင့် ဆန့်ကျင်သည့်လုပ်ရပ်အား ကန့်ကွက်ရှုတ်ချ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနသည် တီမောလက်စ်တေသမ္မတ မစ္စတာ ဟိုဆေး ရာမို့စ် ဟော်တာက ချင်းလူ့အခွင့်အရေးအဖွဲ့ (Chin Human Rights Organization) အား ၁၄-၁-၂၀၂၆ ရက်တွင် လက်ခံတွေ့ဆုံ၍ ဒေသတွင်းတရားမျှတမှုနှင့် တာဝန်ခံမှုရှိရေး ဆွေးနွေးခဲ့သည့်သတင်းအား တီမောလက်စ်တေ သမ္မတရုံး၏ website တွင် တရားဝင်ထုတ်ပြန်ထားခြင်းကို စိတ်မကောင်းဖွယ်တွေ့ရှိခဲ့သည်။

တီမောလက်စ်တေအနေဖြင့် ဒီလီမြို့တွင် ၁-၇-၂၀၂၃ ရက်၌ ကျင်းပခဲ့သော အစိုးရအဖွဲ့ ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားသို့ မြန်မာအစိုးရက မတရားအသင်း ကြေညာထားသော အကြမ်းဖက်အဖွဲ့ အစည်း "NUG" မှ ဇင်မာအောင်နှင့်အဖွဲ့အား ဖိတ်ကြားခဲ့ပြီး သမ္မတ မစ္စတာ ဟိုဆေး ရာမို့စ် ဟော်တာ က လက်ခံတွေ့ဆုံခဲ့သည်။

အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ တည်ဆဲအစိုးရအပေါ် ဆန့်ကျင်နေသည့် အကြမ်းဖက်အဖွဲ့အစည်းအား ဤကဲ့သို့ ထိတွေ့ ဆက်ဆံမှုပြုခြင်းသည် နိုင်ငံတကာ ကျင့်ဝတ်ဖောက်ဖျက်ခြင်းဖြစ်၍ တီမောလက်စ်တေ သံရုံးယာယီတာဝန်ခံအား ၅-၇-၂၀၂၃ ရက်တွင် ဆင့်ခေါ်ကာ ကန့်ကွက်ခဲ့သည်။ ထို့နောက် သံရုံးယာယီတာဝန်ခံကို လည်း ၁-၉-၂၀၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံမှ ထွက်ခွာ ရန် နှင်ထုတ်ခဲ့သည်။ ထို့အပြင် တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင် လျှောက်ထားမှုကိုလည်း အာဆီယံပဋိညာဉ်ပါ အခြေခံမူများကို လိုက်နာခြင်းမရှိ၍ ကန့်ကွက်ကြောင်း အာဆီယံ အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများအားလုံးထံ စာရေးသားပေးပို့ အကြောင်းကြားခဲ့သည်။

စာမျက်နှာ ၈ သို့ ★

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း / အားကစားရုံများ ငလျင်အပြီး တည်ဆောက်ရေးလုပ်ငန်း ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေး ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/ အားကစားရုံများအား ငလျင်အပြီး ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်းသို့သွားရောက်၍ ငလျင်အပြီးပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/အားကစားရုံများ သတ်မှတ်စံချိန်/စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီ ပြန်လည်ပြုပြင်ပြီးစီးနိုင်စေရေးအတွက် သက်ဆိုင်ရာ ကုမ္ပဏီ၊ အရည်အသွေးစစ်ဆေးသည့် (QC)ကုမ္ပဏီနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းရှိ ဗထူးမိုးလုံလေလုံအားကစားရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မိုးလုံလေလုံ အားကစားရုံ ရေရှည်တည်တံ့စေရေး၊ ခိုငှက်များ မဝင်ရောက်နိုင်စေရေးအတွက် သံဆန်ခါများဖြင့် စနစ်တကျကာရံသွားရန်၊ အားကစားရုံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရန်နှင့် ပြည်သူများ လာရောက် လေ့ကျင့်ကစားနိုင်စေရေးတို့အတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း တာဝန်ရှိသူများအား မှာကြားပြီး မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ ပုဂ္ဂလိကလုပ်ငန်းရှင်မှ ငှားရမ်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံပိုင်ထွန်းလှဟိုတယ်သို့ သွားရောက်ကာ ခရီးသွားရာသီအတွင်း လာရောက်တည်းခိုကြသည့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များကို တန်းပြည့်ဝန်ဆောင်မှုပေး၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တိုးချဲ့ဆောက်လုပ်မည့် စားသောက်ခန်းမနေရာများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်ရှိ ဝန်ထမ်းများ၏ ဝန်ဆောင်မှုအရည်အသွေးများ ယခုထက်ပိုမို အဆင့်မီကောင်းမွန်စေရေးအတွက် လေ့ကျင့်ဆောင်ရွက်ပေးရန်၊ ဟိုတယ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ လာရောက်တည်းခိုသည့် ဧည့်သည်များအတွက် စိတ်အပန်းဖြေနိုင်ရေးအတွက် မြေယာရှုခင်းအလှများကို ဆောင်ရွက်ထားရှိရန်၊ ရေကူးကန်အတွင်းရှိရေများ သန့်ရှင်းအောင်ဆောင်ရွက်ထားရှိပြီး ရေကူးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကူးနိုင်ရေးအတွက် သတိပေးဆိုင်းဘုတ်များ၊ အစောင့်ဝန်ထမ်းများကို စနစ်တကျထားရှိရန်၊ ကားရပ်နားရန်နေရာများကိုပါ စနစ်တကျဆောင်ရွက်သတ်မှတ်ထားရှိရန်၊ ဌာနေဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေနိုင်မည့် လုပ်ငန်းများကို တိုးချဲ့စီစဉ်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စပိန်လာလီဂါ ပွဲစဉ်(၂၀)တွင် ဗလင်စီယာ၊ အက်သလက်တီကို၊ ဆဲလ်တာဗီဂိုတို့ အသီးသီးနိုင်ပွဲကိုယ်စီရရှိ



မက်ဒရစ် ဇန်နဝါရီ ၁၈

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၀)တွင် ဗလင်စီယာ၊ အက်သလက်တီကို၊ ဆဲလ်တာဗီဂို အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီခွဲက ဗလင်စီယာအသင်းနှင့် ဂီတာဖေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗလင်စီယာအသင်းက ဂီတာဖေးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဗလင်စီယာအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၈၄မိနစ်တွင် ဂျိုဆေးဂါယာက သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီ ၄၅ မိနစ်က အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် အလာဗက်စ်အသင်းတို့ ပွဲစဉ်တွင်လည်း အက်သလက်တီကိုမက်ဒရစ်အသင်းက အလာဗက်စ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၄၈ မိနစ်တွင် ဆော်လော့သ်က သွင်းယူပေးခဲ့သည်။

ဆဲလ်တာဗီဂိုအသင်းနှင့် ဗယ်လက်ကာနိုအသင်းတို့ ပွဲစဉ်တွင်လည်း ဆဲလ်တာဗီဂိုအသင်းက ဗယ်လက်ကာနိုအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၀)ယှဉ်ပြိုင်ကစားအပြီးတွင် အက်သလက်တီကိုမက်ဒရစ်အသင်းက ရမှတ် ၄၁မှတ်ဖြင့် အဆင့်(၄)နေရာ၊ ဆဲလ်တာဗီဂိုအသင်းက ရမှတ် ၃၂မှတ်ဖြင့် အဆင့်(၇)နေရာ၊ ဗလင်စီယာအသင်းက ရမှတ် ၂၀ မှတ်ဖြင့် အဆင့်(၁၇)နေရာတို့တွင်အသီးသီး ရပ်တည်လျက်ရှိသည်။

(NGB)

0-0-0-0-0

**ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာအထူးကဏ္ဍ အချပ်ပို(၄)မျက်နှာပါရှိသည်။**

